ကတညုတာ စတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၆)

မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း ရွှေထီးတော်တင်အခမ်းအနားကျင်းပ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ပင့်ဆောင်ပူဇော်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်းစံပြကျေးရွာရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တက်ရောက်၍ စေတီတော်အထွတ်၌ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ ***ကျော်ဖုံးသို့***

မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပစဉ်။ (ယာပုံ) နှင့် မင်္ဂလာအခမ်းအနားတွင် ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

မွန်မြတ်သော လူမှုစောင့်ရှောက်ရေးလုပ်ငန်း အောင်မြင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးသည် မိမိတို့၏ကိုယ်ပိုင် အမျိုးသားရေးစွမ်းအားစုများ၏ ကြိုးပမ်း စွမ်းဆောင်မှုအပေါ် အဓိကတည်မှီလျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူမှုရေးအသိစိတ်ဓာတ် ထက်သန်ပြင်းပြစွာဖြင့် ဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းစွမ်းဆောင်မှုများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

နိုင်ငံတော်၏ လူဦးရေအများစုဖြစ်သည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက် မြှင့်တင်ပေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အလွန်အရေးပါသည့်အပြင် အခြေခံအကျဆုံးလည်းဖြစ်သည့် လူမှုရေး ပြုစုပျိုးထောင်မှု တစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဧပြီလ၂၄ရက်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

"အထူးသဖြင့် မိသားစုကိုအခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မိသားစု၏ အမြုတေဟုဆိုရမည့် မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက်ပေးခြင်းသည် မျက်မှောက်ကာလ အကျိုးဖြစ်ထွန်းမှုများကို လက်တွေ့ဖော်ဆောင်ပေးနိုင်သည်သာမက မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ အမျိုးအနွယ်အတွက် ခိုင်မာပြည့်စုံသော အနာဂတ်ကို ကြိုတင်ပျိုးထောင်ပေးခြင်းလည်း ဖြစ်ခြင်းကြောင့် အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေးအနှစ်သာရတို့နှင့် ပြည့်လျှမ်းနေသည့် မွန်မြတ်သော လူမှုစောင့်ရှောက်ရေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ကြောင်း"

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိခင်နှင့်ကလေးများ၏ ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် လူမှုဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများကို မေတ္တာ၊ ကရုဏာ၊ စေတနာတို့ ပေါင်းစပ်ပါဝင် ဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့ တစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကို သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းထူထောင်ပေးခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့်လည်း နိုင်ငံတော်၏ မျှော်လင့်အားထားချက်နှင့် ထိုက်တန်သည့် စုစည်းညီညွတ်သော လူမှုရေးအသင်းအဖွဲ့တစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ပြီး အသင်းကြီး၏ သက်တမ်း ၁၃ နှစ်ကျော်ကာလအတွင်း မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေးနှင့် အခြားသော လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝလုံခြုံရေးကအစ လူမှုရေးဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းအသွယ်သွယ်ကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ပေးနေသည်ကို အားရဂုဏ်ယူဖွယ် တွေ့မြင်နေရသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးသည် ယခုအခါ ဗဟိုကောင်စီဝင် ၆၁ ဦး၊ ဗဟိုအလုပ်အမှုဆောင် ၁၅ဦး၊ မြို့နယ်အသင်း ၃၂၄သင်း၊ ကျေးရွာ၊ ရပ်ကွက်အဆင့်နှင့် စက်ရုံ၊ အလုပ်ရုံ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ အသင်းခွဲ ၁၄၄၀၀ကျော်၊ ရာသက်ပန်အသင်းဝင် ၈၆၄၀၀၀ကျော်၊ သာမန်အသင်းသား ၂၁သမ၉ သန်းကျော် စုစုပေါင်း အသင်းသား ၃၁သမ၇သန်းကျော်ကို ဖွဲ့စည်းစည်းရုံးလျက် စေတနာ့ဝန်ထမ်းလှုပ်ရှားနိုင်လျက်ရှိသည်ကို တွေ့ရသည်။

လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှုတွင်လည်း အသင်းစတင် ဖွဲ့စည်းစဉ်က မိခင်နှင့် ကလေးများကိုသာ ဦးတည်ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့သော်လည်း ယခုအခါ လုပ်ငန်းတာဝန်များကို အမျိုးသားရေးအနှစ်သာရရှိရှိ တိုးချဲ့ပြီး မိခင်ဝမ်းတွင်း ရှိစဉ်ချိန်ကစ၍ သက်ကြီးရွယ်အိုဘဝအထိ စောင့်ရှောက်မှုပေးလျက်ရှိသည့်အတွက် လူ့ဘဝအစမှ အဆုံးအထိ ပြုစုစောင့်ရှောက်မှုပေးနိုင် နေပြီဟု ဆိုရမည် ဖြစ်သည်။

သို့ဖြစ်ရာ လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းမှုသည် အရေးပါသောကဏ္ဍ၌ ရှိသည်ဟု နိုင်ငံတော်က အသိအမှတ်ပြုထားသည့်အလျောက် မွန်မြတ်သော လူမှုစောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မင်းဓမ္မကုန်းတော် ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် ကဆုန်လပြည့်နေ့ တတိယအကြိမ် မဟာဗောဓိညောင်ပင် ညောင်ရေသွန်း အခမ်းအနား ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ရက် မွန်းလွဲ ၁နာရီက ဂေါပကရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ အစည်းအဝေး တက်ရောက်လာကြသူများက ကဆုန်လပြည့် (ဗုဒ္ဓနေ့တွင်) မင်းဓမ္မကုန်းတော်၌ တတိယအကြိမ် မဟာဗောဓိညောင်ပင် ညောင်ရေသွန်း အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပရေးနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၃ရက် ညနေ၅နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ မြန်မာပြည် အရပ်ရပ်ရှိ ဒေသများသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘော၊ လေယာဉ်များဖြင့် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် သွားနိုင်ရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့က ကူညီဆောင်ရွက်ပေးရမည့်အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာယာဉ်လိုင်းများအလိုက် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း တင်ပြကြသည်။ **(သတင်းစဉ်)**

အာဆီယံစီးပွားရေးဝန်ကြီးများအလွတ်သဘောစည်းဝေး ဝန်ကြီးဦးတင်ဝင်းနှင့်အဖွဲ့တက်ရောက်ပြီးပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

စင်ကာပူသမ္မတနိုင်ငံ၌ ဧပြီ ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်းနှင့်အဖွဲ့သည် ဧပြီ ၂၀ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ [illegible]ည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီနှင့် ဝန်ကြီးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ညိုတို့ လိုက်ပါသွားကြသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးဦးတင်ဝင်းနှင့် အဖွဲ့သည် အာဆီယံစီးပွားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီ ၂၂ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ယဥ်ကျေးမှုသင်တန်း ထူးချွန်သူများဆုချီးမြှင့်

ရန်ကုန် မေ ၂၅

မကွေးတိုင်း အထက်မင်းလှမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျောင်းအလိုက် အခြေခံယဥ်ကျေးမှုသင်တန်းကို မတ် ၂၂ရက်မှ မေ ၂ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ (ဝ၇၆)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဂုဏ်ထူးဆောင်နာယကများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာ ကြည်စိုးနှင့် ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကများ၊ ဥက္ကဋ္ဌများနှင့် အထူး ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ အထိမ်းအမှတ် ဂါရဝလက်ဆောင်ကို ပေးအပ်သည်။

ဆုများချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်စဉ်။

(သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံ ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး တိုင်းနှင့်ပြည်နယ်အသီးသီးမှ ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်စဉ်။

(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ပြည်နယ်အလိုက်ပထမဆုရ ကချင်ပြည်နယ်၊ ပူးတွဲဒုတိယဆုရ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပူးတွဲတတိယဆုရ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့နှင့် တိုင်းအလိုက် ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မန္တလေးတိုင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယကများအား ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အကောင်းဆုံးစာတမ်းပထမဆုရ ရခိုင် ပြည်နယ်၊ ဒုတိယဆုရ ရန်ကုန်တိုင်း၊ တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဆုများရရှိကြသော ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် တနင်္သာရီတိုင်းတို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ညီလာခံ အထိမ်းအမှတ် ဂုဏ်ပြုညစာ စားပွဲတွင် မေတ္တာဖြင့် သီဆိုဖျော်ဖြေကူညီကြသော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား ညီလာခံအထိမ်းအမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များ၏ ဆောင်ရွက်မှု စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ စစ်ဆေးကြပ်မတ်

ရန်ကုန် မေ ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးခင်မောင်၊ ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွန်း၊ တပ်ထိန်းတပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဘော်ထင်နှင့် ဦးတင်အောင်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(ဝဲပုံ)**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝှီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ပြောက်ကျားတို့ ဘူဂေးရီးယားယာဉ်တန်းကို ချုံခိုတိုက်ခိုက် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၊ တစ်ဦးဒဏ်ရာရ

ကာဘာလာ မေ ၂၄

အီရတ်နိုင်ငံကာဘာလာမြို့၌ သံသယရှိသော အီရတ်တို့အား လိုက်လံရှာဖွေနေသည့် ဘူဂေးရီးယားယာဉ်တန်းကို ပြောက်ကျားတို့က သောကြာနေ့က ချုံခိုတိုက်ခိုက်ခဲ့သဖြင့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး သေစေနိုင်လောက်အောင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားသည်။

မျက်မြင်သက်သေများနှင့် တာဝန်ရှိသူများက ပြောဆိုရာတွင် ဘဂ္ဂဒက်မြို့အနောက်တောင်ဘက်မိုင် ၇၀ အကွာရှိ ကာဘာလာမြို့၌ဆာဒါ၏ နောက်လိုက်တပ်ဖွဲ့ဝင်များက ဘူဂေးရီးယားယာဉ်တန်းအား ရိုင်ဖယ်များ၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

အီရတ်နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်း၌ တာဝန်ထမ်းဆောင်နေသော ပိုလန်ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောဆိုရာတွင် စစ်ယာဉ်တစ်စီး ချုံခိုတိုက်ခိုက်ခံရကြောင်း မြို့တော်ခန်းမမှ မီတာ ၅၀၀ မှ ၆၀၀ အကွာနေရာမှ အတည်ပြုပြောကြားခဲ့သည်။ ပူးပေါင်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားကြောင်းလည်း ၎င်းက ပြောကြားသည်။

ထို့နောက် ဘူဂေးရီးယား ကာကွယ်ရေးဝန်ကြီးက ပြောကြားရာတွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်တစ်ဦး ချုံခိုတိုက်ခိုက်ခံရစဉ် ခေါင်းတွင်သေနတ်ထိမှန်၍ သေဆုံးသွားသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မေ ၂၄ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်ရှိ စစ်ဆေးရေးစခန်း တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ ဝင်များနှင့် စစ်ယာဉ်များရှေ့မှ လက်မြှောက်ကာ ဖြတ်လျှောက်သွားသော အီရတ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးအခြေအနေ တစ်နေ့တခြားဆိုးရွား အီရတ်ရှိ နိုင်ငံခြားကုမ္ပဏီများလုပ်ငန်းရပ်ဆိုင်း

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံ၌တစ်နေ့တခြားလုံခြုံရေးအခြေအနေ ဆိုးရွားလာမှုများကြောင့် နိုင်ငံခြားကုမ္ပဏီများသည် ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများကို ရပ်ဆိုင်းလိုက်ကြောင်း သိရသည်။

အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်လက်နက်ကိုင်အုပ်စုများ၏ တိုက်ခိုက်မှုသည် ယခုလအတွင်း ပိုမိုပြင်းထန်လာခဲ့ပြီး နိုင်ငံခြားသား အများအပြားလည်း ပြန်ပေးဆွဲခံခဲ့ရသည်။အမေရိကန်အခြေစိုက် ဂျင်နရယ်အီလက်ထရွန်နစ်ကုမ္ပဏီနှင့် ဂျာမနီမှဆီးမင်းအေဂျီတို့သည် ဘဂ္ဂဒက်တောင်ပိုင်း၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် လုပ်ဆောင်သော ကုမ္ပဏီများဖြစ်ပြီး ယခုကဲ့သို့ဆိုးရွားသည့် အခြေအနေ များ ကြောင့် ၎င်းတို့အလုပ်သမားများအား အီရတ်နိုင်ငံမှ ပြန်လည် ခေါ်ယူပြီးဖြစ်ကြောင်း သိရသည်။

အီရတ်ပြည်သူများကလည်း ယခုကဲ့သို့စီမံကိန်းများ ရပ်ဆိုင်းချိန် ကြာမြင့်ခဲ့လျှင် လျှပ်စစ်ပိုမိုအသုံးပြုရသော နွေရာသီသို့ရောက်လျှင် လျှပ်စစ် ဓာတ်အား လုံလောက်စွာ မရမည်ကို စိုးရိမ်ပူပန်နေကြောင်း သိရသည်။ အမေရိကန် အခြေစိုက်ဖြစ်သည့် ဘက်တဲကော်ပိုရေးရှင်း က လည်း အီရတ်နိုင်ငံရှိ ၎င်း၏ အလားတူ စီမံကိန်းကို ရပ်ဆိုင်းထားခဲ့ကြောင်း သိရသည်။ **(အင်န်အိပ်ချ်ကေ)**

လုံခြုံရေးစောင့်ကြပ်

မေ ၂၄ရက်က ဖော်လူဂျာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စပိန်၊ဟွန်ဒူးရပ်စ်နှင့်ဒိုမီနီကန်တပ်များ အီရတ်မှရုပ်သိမ်းမှု အမေရိကန်တို့အတွက် အကျပ်အတည်းနှင့်ရင်ဆိုင်နေရ

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံ၌ ကျူးကျော်အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်မှုများ အနှံ့အပြားဖြစ်ပွားနေသကဲ့သို့ အသေခံဗုံးခွဲတိုက်ခိုက်မှုများလည်းဖြစ်ပေါ်လျက်ရှိရာ အမေရိကန်တို့အနေဖြင့် လုံခြုံရေးအခြေအနေကိုတည်ငြိမ်အောင် မထိန်းသိမ်းနိုင်ကြောင်း ဖော်ပြနေသည်။

ယခုကဲ့သို့ အခြေအနေများကြောင့် နိုင်ငံတကာက အီရတ်နိုင်ငံ အရေးကိစ္စတွင် ကုလသမဂ္ဂအနေဖြင့် အရေးပါသောအခန်းကဏ္ဍမှပါဝင်ရန် လိုလားနေကြကြောင်း သိရသည်။ ပြီးခဲ့သည့် သီတင်းပတ် အတွင်းက ဝါရှင်တန်သို့ သွားရောက်ခဲ့သော ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲနှင့်အမေရိကန်သမ္မတဘုရှ်တို့ကလည်း ၎င်းတို့အတွက် အထောက်အပံ့ဖြစ်စေရန် ကုလသမဂ္ဂ၏ အီရတ်ဆိုင်ရာ ဆုံးဖြတ်ချက်ရရှိရေး ကြိုးပမ်းလျက်ရှိသည်။

လုံခြုံရေးအခြေအနေကြောင့် အီရတ်၌တပ်ဖြန့်ထားသော စပိန်၊ ဟွန်ဒူးရပ်စ်နှင့် ဒိုမီနီကန်နိုင်ငံတို့က ၎င်းတို့၏ တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းခဲ့ရာ အမေရိကန်တို့အတွက် အကျပ်အတည်းနှင့် ရင်ဆိုင်ရလျက်ရှိသည်။

သုံးသပ်သူများက အမေရိကန်တို့သည် ၎င်း၏မူဝါဒအောင်မြင်ရေးအတွက် ကုလသမဂ္ဂကို အသုံးချရန် ကြိုးပမ်းနေသည်ဟု ပြောကြားနေကြသည်။ သို့ရာတွင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဝင်နိုင်ငံများဖြစ်သည့် ပြင်သစ်နှင့်ရုရှားတို့ကအမေရိကန်တို့၏ဆောင်ရွက်မှုများကို ဗီတိုအာဏာ သုံးပြီး ပယ်ချ ဖွယ်ရှိကြောင်းလည်း ဝေဖန်နေကြသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ဆိုးရွားမှုကြောင့် ကုလသမဂ္ဂအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသေးသော်လည်း ကုလသမဂ္ဂသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးတွင် အထောက်အကူပေးနိုင်မည်ဟု ယုံကြည်နေကြကြောင်း သိရသည်။

(စီစီတီဗွီ)

ဘာဆာရာလုံခြုံရေးမဆောင်ရွက်နိုင်မှု ဗြိတိန်တပ်ဖွဲ့ကို ဒေသခံများပြစ်တင်

ဘာဆာရာ မေ ၂၃

အီရတ်နိုင်ငံ၌ ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့သည့် ကားဗုံးခွဲတိုက်ခိုက်မှုကို မည်သူ နောက်ကွယ်မှကြိုးကိုင်သည်ကို ဘာဆာရာမြို့ရှိ ဗြိတိန်တပ်ဖွဲ့များ မသိရှိကြသေးဘဲ လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ဒေသခံများက ဗြိတိန်တပ်ဖွဲ့များအား အပြစ်တင်နေကြကြောင်းသိရသည်။

ပြစ်တင်

ယင်းတိုက်ခိုက်မှု၌ သေဆုံးခဲ့သော ကလေးငယ်များအတွက် ၎င်းတို့၏ ဆရာမများက ဆုတောင်းပွဲပြုလုပ်ခဲ့ပြီး ဘာဆာရာမြို့တွင်း၌လည်း ဒေသခံအီရတ်များက အမေရိကန် ဦးဆောင်သော ကျူးကျော်မှုကို ဆန့်ကျင်ကြောင်း၊ အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါးကို ထောက်ခံကြောင်း ကြွေးကြော် ဆန္ဒပြခဲ့ကြသည်။

ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှုသည် လွန်ခဲ့သည့် တစ်နှစ်ကျော်က အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်ကို ကျူးကျော်တိုက်ခိုက်မှု စတင်ကတည်းက ဘာဆာရာ ဒေသခံများ အများဆုံးသေဆုံး သည့် တိုက်ခိုက်မှုဖြစ်ပြီး အကြမ်းဖက်သမားများနှင့် ဆက်စပ်မှုရှိသော ဘူဇာကာဝီလက်ချက်ဖြစ်နိုင်ကြောင်း အမေရိကန်တို့ကယူဆကြသော်လည်း သက်သေအထောက် အထားမတွေ့ရှိဟု ဆိုသည်။

(စီအင်န်အင်န်)

ဘဂ္ဂဒက်ဆင်ခြေဖုံးရှိဈေးကို ဒုံးကျည်၊စိန်ပြောင်းတို့ဖြင့်တိုက် ၁၃ဦးသေပြီး ၃၀ခန့် ဒဏ်ရာရဟုမျက်မြင်တွေ့သူများပြောကြား

ဘဂ္ဂဒက် မေ ၂၄

ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးအရပ်တစ်ခုရှိ လူစည်ကားသော ဈေးအတွင်းသို့ စနေနေ့က ဒုံးကျည်များသို့မဟုတ် စိန်ပြောင်းများဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရတ် ၁၃ ဦးထက်မနည်း သေဆုံးပြီး ၃၀ခန့် ဒဏ်ရာရသွားခဲ့သည်။

ထိုဒေသရှိ အခြားအမျိုးသမီးတစ်ဦးမှာလည်း သူမ၏နေအိမ်ကို စိန်ပြောင်းကျည်ထိမှန်၍ သေဆုံးပြီး သမီးဖြစ်သူဒဏ်ရာရခဲ့သည်။

ဆာဒါမြို့အနီးရှိ ကြက်များရောင်းချသောဈေးကို ဒုံးကျည်နှစ်စင်းထက်မနည်း ထိမှန်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများကပြောဆိုခဲ့ကြသည်။

အမေရိကန် ရဟတ်ယာဉ်များက အဆိုပါဈေးကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဒေါသထွက်နေသော ဒေသခံများက ပြောဆိုသည်။

ယင်းသို့ဈေးကို ပစ်ခတ်တိုက်ခိုက်သည်ဆိုသောသတင်းနှင့် မည်သူပစ်ခတ်သည်ဆိုသော သတင်းမရကြောင်း အမေရိကန်စစ်ဘက်ကပြောဆိုသည်။

ဘဂ္ဂဒက်ဆေးရုံညွှန်ကြားရေးမှူး၊ အဗ္ဗဒူဂျက်ဘားအယ်ဇူဘီဒီကယနေ့ဆေးရုံသို့ဒဏ်ရာရလူနာ ၃၀ရောက်လာကြောင်း ပြောကြားသည်။ အားလုံးမှာ ဦးခေါင်း၊ ရင်ဘတ်၊ဝမ်းဗိုက်တို့တွင် ကျည်ဆန်မှန်သည့် ဒဏ်ရာ ရထားသူများ ဖြစ်ကြောင်း၊ ဒဏ်ရာရသူများအပြင် သေဆုံးသော အီရတ် ၁၁ ဦး၏အလောင်းများကိုလည်း လက်ခံရရှိကြောင်းပြောကြားသည်။

ဒဏ်ရာရသူများနှင့် သေဆုံးသူများသည် အသက်အမျိုးအစား မတူညီကြဘဲ အားလုံးမှာ အရပ်သားများဖြစ်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ **(အင်တာနက်)**

ဟိုတယ် ၁၈ထပ်အမြင့်မှ ပြုတ်ကျသူ လက်များနှင့်ခြေတစ်ဖက်ကျိုးသော်လည်းအသက်မသေ

ကိတ်တောင်း မေ ၂၄

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ရှိ ဟိုတယ်တစ်ခု၏ ၁၈ထပ်ရှိ အခန်းတစ်ခုပေါ်မှ တောင်အာဖရိကအမျိုးသားတစ်ဦး မြေပြင်သို့ ပြုတ်ကျခဲ့ရာ အသက်မသေသဖြင့် ကယ်ဆယ်သည့်သူများ အံ့အားသင့်ခဲ့ရကြောင်း ကိတ်တောင်းမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ကိတ်တောင်းမြို့ရှိ ရီဇ်ဟိုတယ်၏ ၁၈ ထပ်ရှိ အခန်းတစ်ခု၏ ပြတင်းပေါက်မှ နီချိုလပ်ဒူပလိုဆိုသူ အမျိုးသားတစ်ဦး အင်္ဂါနေ့က ပြုတ်ကျခဲ့ရာ သူ၏လက်များနှင့် ခြေတစ်ဖက်ကျိုးသွားခဲ့ပြီး လည်ပင်းတွင် ဒဏ်ရာများရရှိခဲ့သည်။

အံ့သြဖွယ်

အဆိုပါ ဟိုတယ်အနီးရှိ စားသောက်ဆိုင်တစ်ခုမှ အလုပ်သမားတစ်ဦးဖြစ်သူ ရိုင်နိုဒယ်ရီအိုဗင်က သူအလုပ်လုပ်နေစဉ် ရုတ်တရက် ကွဲသံများနှင့်အတူ "ရီဇ်ဟိုတယ်ထိပ်ပေါ်က လူပုံတစ်ယောက် ဆင်းလာတယ်"ဟူသော အော်ဟစ်သံများကြားခဲ့ရကြောင်းနှင့် မြင်တွေ့ရသည်မှာ အမှန်တကယ်အံ့သြဖွယ် ဖြစ်ရပ်ဖြစ်ကြောင်း ကိတ်အာဂတ်စ်သတင်းစာအား ပြောကြားခဲ့သည်။

အခြားသူများကလည်း ဟိုတယ်၏ အကာအရံပြုလုပ်ထားသော သတ္တုပြားအကျိုးအပဲ့များနှင့်အတူ မြေပြင်သို့ ပြုတ်ကျခဲ့သော နီချိုလပ်ဒူကို တွေ့ရှိခဲ့ကြသည်။

ဟိုတယ် ၁၈ ထပ်အမြင့်ပေါ်မှ မြေပြင်သို့ ပြုတ်ကျလာခဲ့ပြီးနောက် ဒူသည် သတိကောင်းစွာရှိနေကာ "ကျွန်တော့်လည်ပင်း ထိခိုက်နာကျင်နေသဖြင့် အကူအညီပေးပါ"ဟု ပြောဆိုကြောင်း စားသောက်ဆိုင်အလုပ်သမား ရိုင်အိုဗင်က အဆိုပါသတင်းစာသို့ ပြောကြားသည်။

ယခုအခါ အဆိုပါ ရီဇ်ဟိုတယ်အနီး ဆေးရုံတစ်ခု၌ ဆေးကုသမှုခံယူ ပြီးနောက် ဒူသည် ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်တို့ နာဂျက်ဖ်ကို တိုက်ခိုက်လျှင် အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့်ကြုံတွေ့ရမည်

ကူဖာ(အီရတ်) ဧပြီ ၂၄

နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်လျှင် အသေခံဗုံးခွဲတိုက်ခိုက်မှုများနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ မိုဒါတာအယ်လ်ဆာဒါက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အသင့်အနေအထား

နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများနှင့် ဆာဒါ၏မီဒီတပ်ဖွဲ့ကို ဖျက်ဆီးပစ်ရန်နှင့် အယ်လ်ဆာဒါကို ဖမ်းဆီးရန် သို့မဟုတ် သတ်ဖြတ်ရန်အတွက် နာဂျက်ဖ်မြို့ပြင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ အသင့်အနေအထားဖြင့် ရှိနေကြကြောင်း၊ သို့သော်လည်း အီရတ်စေ့စပ်ဆွေးနွေးသူများနှင့် ဆွေးနွေးမှုပြီးပြတ်သည့်အချိန်ထိ တစ်စုံတစ်ရာ လှုပ်ရှားမှုကို အမေရိကန်တပ်ဖွဲ့ဝင်များပြုလုပ်၍ ရရှိမည်မဟုတ်သေးကြောင်းသိရသည်။

ကျဆုံးမည်မဟုတ်

သောကြာနေ့က ကူဖာမြို့တွင် အီရတ်တို့ကို မိန့်ခွန်းပြောကြားရာတွင် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ မည်သည့်အခါမျှ ကျဆုံးမည်မဟုတ်ဟု ထောင်ပေါင်းများစွာသော အီရတ်တို့ကို ပြောကြားခဲ့သည်။ ထို့ပြင် မိမိတို့မြို့ကို ထိန်းသိမ်းကာကွယ်ရန် အသက်သွေးပေးဆပ်ကြရမည်။ တိုက်ပွဲဝင်ရင်း မိမိကိုယ်မိမိ အာဇာနည်အဖြစ် ရောက်ရှိအောင် ပြုလုပ်ကြဟူ၍ ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံတကာသတင်းများ

အစ္စရေးသူလျှိုဆိုပြီး အီရတ်၌ ဖမ်းထားသူ ဖမ်းထားသူများက ပြန်လွှတ်ပေးလိုက်

ဝါရှင်တန် ဧပြီ ၂၄

အစ္စရေးအတွက် သူလျှိုလုပ်ပေးသည့် စွပ်စွဲချက်ဖြင့် လွန်ခဲ့သည့်နှစ်ပတ်၌ အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရသော အာရပ်နွယ်ဖွား အစ္စရေးတစ်ဦးကို ကြာသပတေးနေ့၌ ဖမ်းထားသူများက လွှတ်ပေးလိုက်သည်ဟု အမေရိကန်အခြေစိုက် ၎င်း၏အလုပ်ရှင်က ပြောကြားသည်။

ပြောကြား

မိမိတို့၏ အလုပ်သမားဖြစ်သူ နာဘီလ်ဂျော့ချ် ယာကွတ်ရာဇွတ်သည် ကြာသပရေးနေ့ နံနက်ပိုင်း၌ ပြန်လွှတ်လာကြောင်း၊ အခြေအနေကောင်းကြောင်း ရီစပ်ချ်ထရိုင် အင်ဂယ် အင်တာနေရှင်နယ်ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဆယ်လီဂျွန်ဆင်က ပြောကြားသည်။

အဖမ်းခံရ

မြောက်ကာလိုလိုင်နာ အခြေစိုက်အဆိုပါ ကုမ္ပဏီ၌ အလုပ်လုပ်သော ရာဇွတ်သည် ဧပြီ ၈ ရက်၌ ဓားစာခံအဖြစ် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ဂျွန်ဆင်၏ ရာဇွတ်မည်သို့ လွတ်မြောက်သည်ကို အသေးစိတ်မပြောသော်လည်း အခြေအနေကောင်းကြောင်းပြောဆိုသည်။ မကြာသေးမီသီတင်းပတ်များ အတွင်း နိုင်ငံခြားသား ၅၀ခန့် အီရတ်၌ ပြန်ပေးဆွဲခံခဲ့ရသော်လည်း အများစုမှာ ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ လွတ်မြောက်ခဲ့ကြသည်။ အီတလီ ဓားစာခံတစ်ဦးသာ လျှင် ပြန်ပေးသမားများ၏ သတ်ဖြတ်ခြင်း ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်စစ်ပွဲစချိန်မှစ၍ ဒဏ်ရာရ ဗြိတိသျှတပ်ဖွဲ့ဝင် ၂၂၀၀ကျော်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဌာန အတည်ပြုထုတ်ပြန်

လန်ဒန် ဧပြီ ၂၄

အီရတ်စစ်ပွဲစချိန်မှစ၍ ဒဏ်ရာရရှိကာ နေရပ်သို့ပြန်ရောက်ခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင် ဦးရေ ၂၂၀၀ ကျော်ရှိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြီးနောက် အီရတ်၌ အမှန်တကယ်ထိခိုက် သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေကို ယနေ့ထုတ်ပြန်လိုက်သည်။

အီရတ်နိုင်ငံ၌ အခြေအနေသည် တစ်နေ့တခြားဆိုးလာနေရာ ဗြိတိသျှတပ်ဖွဲ့ဝင်များ လစဉ် ဒဏ်ရာရရှိသူဦးရေ ၅၀ရှိကြောင်းသိရသည်။ ထို့ပြင် တပ်ဖွဲ့ဝင်များသည် နေ့စဉ်အတိုက်ခံရသည်ဟု ဆိုသည်။

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့ဝင်များက မိမိတို့အား အီရတ်မှနေ၍ နေရပ်သို့ အသက်ရှင်ပြီးပြန်ရဖို့မမျှော်လင့်နိုင်ကြောင်း ပြောကြားထားသည်ဟု ပြောဆိုကြသည်။

သေဆုံး

အီရတ်ရှိ စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်တစ်ခုက နာဆီရီယာကို ထိုးစစ်ဆင်တိုက်ခိုက်မှုတွင်ဗြိတိသျှတပ်ဖွဲ့၁၀၀မျှ သေဆုံးပြီး ၂၀၀မျှ ဒဏ်ရာရနိုင်စရာရှိကြောင်း ပြောဆိုသည်။

ဒဏ်ရာရ

လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလမှစပြီး ဆေးဝါးကုသမှုခံယူရန်အတွက် နေရပ်သို့ပြန်ရောက်လာသောဒဏ်ရာရ ဗြိတိသျှတပ်ဖွဲ့ဝင် စုစုပေါင်း ၂၂၂၈ဦး ရှိကြောင်း သိရသည်။ တီလစ် ထိုးစစ်အတွင်း အီရတ်၌ရှိသော ဗြိတိသျှစစ်မှုထမ်းဦးရေမှာ ၆၀၀၀၀ခန့်ဖြစ်ပြီး လက်ရှိအနေအထား၌သေဆုံး ဗြိတိသျှတပ်ဖွဲ့ဝင် ဦးရေမှာ ၅၉ဦးဖြစ်သည်။

(အင်တာနက်)

ဧပြီ ၂၄ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးနှင့် အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်မှုကို ကန့်ကွက် ဆန္ဒပြနေသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၄ ရက်က ဘဂ္ဂဒက်မြို့ အယ်ဆာဒါစီတီးအရပ်တွင် အမေရိကန်တပ် ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုဖြစ်ပွားစဉ် အတွင်း ဒဏ်ရာရရှိခဲ့သော အီရတ်မိန်းကလေးငယ်တစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေသည်ကို မိခင်ဖြစ်သူက ဝမ်းနည်းစွာ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားပြည်တွင်းရေး ဝင်မစွက်ဖက်ရန် ကန်ကို အင်ဒိုနီးရှား အဖွဲ့အစည်းတစ်ခု သတိပေး

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံ၏ တရားဝင် အချုပ်အခြာအာဏာပိုင်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဂျကာတာရှိ အမေရိကန်ပြည်ထောင်စု မစ်ရှင်ရုံးအဖွဲ့အား အစ္စလမ္မစ်ထိပ်တန်းအဖွဲ့အစည်းဖြစ်သော အင်ဒိုနီးရှား ယူလီမက်စ်ကောင်စီ(အမ်ယူအိုင်)က ကြာသပတေးနေ့၌ သတိပေးလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ တရားဝင်အချုပ်အခြာပိုင်မှုတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အမေရိကန်သံရုံးကို မိမိသတိပေးကြောင်း အမ်ယူအိုင် အတွင်းရေးမှူးချုပ် ဒင်ဆမ်ဆူဒင်က သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် ဆမ်ဆူဒင်က အင်ဒိုနီးရှားနိုင်ငံ၏ အခြားကဏ္ဍများတွင်လည်း ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်းမပြုရန် အမေရိကန်ပြည်ထောင်စုအား သတိပေးထားသည်။

လောလောဆယ်တွင် အမေရိကန်သံရုံးသည် နိုင်ငံရေးစွက်ဖက်မှုရှိသည်ကို မိမိမြင်တွေ့ရကြောင်း ယင်းလုပ်ရပ်သည် မကောင်းသော သံတမန်ရေးဆောင်ရွက်မှုဖြစ်ပြီး နှစ်နိုင်ငံငြိမ်းချမ်းသောဆက်ဆံရေးကို မဖြစ်စေကြောင်း ၎င်းကပြောကြားသည်။ **(ဆင်ဟွာ)**

ဘာဆာရာ၌ အီရတ်တို့ ကန့်ကွက်ဆန္ဒပြ

ဘာဆာရာ ဧပြီ ၂၂

ဘာဆာရာမြို့ရှိ အီရတ်ပြည်သူ ရာပေါင်းများစွာတို့သည် လမ်းမများပေါ်၌ ယမန်နေ့က စုဝေးကာ ပြီးခဲ့သောဗုဒ္ဓဟူးနေ့က အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတွင် လူပေါင်း ၆၈ ဦးသေဆုံးခဲ့ရခြင်းအတွက် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဘာဆာရာမြို့ရှိ အီရတ်ရဲစခန်းရှေ့၌ အသေခံကားဗုံးသုံးခု ပေါက်ကွဲမှုကြောင့် ကလေးငယ် ၂၀အပါအဝင် လူ၆၈ ဦးသေဆုံးသွားပြီး လူပေါင်း ၁၀၀ဒဏ်ရာရရှိသွားခဲ့သည်။ ဘာဆာရာမြို့ လမ်းမများ တစ်လျှောက် ဆန္ဒပြသူများသည် နာဂျက်ဖ်မြို့ကိုထိန်းချုပ်ထားသည့် အီရတ်ခေါင်းဆောင်မူတာဒါအယ်ဆာဒါ၏ နောက်လိုက်များဖြစ်သည်။ **(စီအက်ဖ်အိုင်)**

လုံခြုံရေးစောင့်ကြပ်

ဧပြီ ၂၃ ရက်က အီရတ်နိုင်ငံ ဒီဝါနီယာမြို့ရှိ မိုဒါအယ်လ်ဆာဒါရုံး အဆောက်အအုံတစ်ခုပေါ်တွင် ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များ လုံခြုံရေး စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အပစ်အခတ်ရပ်စဲရေး သဘောတူညီသော်လည်း ဖော်လူဂျာ၌ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေဆဲ

ဖော်လူဂျာ ဧပြီ ၂၄

အကယ်၍ အမေရိကန်နှင့် အပေါင်းပါတပ်များက ဖော်လူဂျာမြို့ကို တိုက်ခိုက်လာလျှင် အီရတ်နိုင်ငံအနှံ့၌ ပိုမိုဆူပူအုံကြွမှုနှင့် အမေရိကန်နှင့်အပေါင်းပါတပ်များကြုံရလိမ့်မည်ဟု အီရတ်ခေါင်းဆောင်တစ်ဦးက သောကြာနေ့၌ သတိပေးလိုက်သည်။

အီရတ်ခေါင်းဆောင်တစ်ဦးဖြစ်သော ရှိခ်အာမက် အဗ္ဗဒူဂါဖာဆာမာရေးသည် အမေရိကန်နှင့် အပေါင်းပါ တပ်များအား ကြာသပတေးနေ့က ယင်းသို့ သတိပေးခဲ့ခြင်းဖြစ်သည်။

ပြောကြား

ဖော်လူဂျာကို ထပ်မံတိုက်ရန် သေချာအောင်လုပ်ရန်နှင့် အီရတ်တို့သည် အကယ်၍ ဖော်လူဂျာကို သင်တို့ ထပ်တိုက်လာလျှင် မြောက်မှတောင်သို့ အရှေ့မှ အနောက်သို့ အီရတ်တစ်နိုင်ငံလုံးသည် ဖော်လူဂျာဖြစ်လာမည် ဖြစ်ကြောင်း အီရတ်ခေါင်းဆောင်က ပြောကြားသည်။

ဖော်လူဂျာမြို့သည် မြို့ခေါင်းဆောင်များနှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ အပစ်ရပ်ရေး သဘောတူချက် ရထားလင့်ကစား နှစ်ပတ်ကျော်မျှ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားနေဆဲဖြစ်သည်။ အမေရိကန် ကန်ထရိုက်လေးဦး အသတ်ခံရပြီးနောက် ဧပြီ ၅ ရက်၌ အမေရိကန်နှင့် အပေါင်းပါတပ်များက မြို့ကို ဝိုင်းထား ခဲ့ချိန်မှ စ၍ စုစုပေါင်း အီရတ် ၂၇၁ဦးနှင့် မရိန်းတပ်ဖွဲ့ဝင် ဒါဇင်များစွာ သေဆုံးခဲ့သည်။

တိုက်ခိုက်

အမေရိကန်တပ်များက အကယ်၍ ယခုရက်ပိုင်း အတွင်း ခုခံတိုက်ခိုက်ရေးသမားတို့က လက်နက်ကြီးများကို မအပ်လျှင် စစ်ရေးအရ တိုက်ခိုက်ဖွယ်ရှိသည်ဟု ပြောကြားသည်။ **(အင်တာနက်)**

အီရတ်လက်နက်ကိစ္စပေါက်ကြားမှု ဒိန်းမတ်ဝန်ကြီး ရာထူးမှနုတ်ထွက်

ကိုဖင်နှာဂျင် ဧပြီ ၂၄

အီရတ်၌ အဖျက်စွမ်းအားကြီး လက်နက်များ ရှိနိုင်ဖွယ် သတင်းတစ်ရပ်နှင့်စပ်လျဉ်း၍ လျှို့ဝှက် ဆွေးနွေးသည့်ကိစ္စ လူထုဆက်သွယ်ရေးသို့ ပေါက်ကြားမှုကြောင့် ဒိန်းမတ် ကာကွယ်ရေးဝန်ကြီးသည် သောကြာနေ့က အတိုက်အခံပါတီများ၏ ဝေဖန် ပြစ်တင်မှုခံရပြီးနောက် ရာထူးမှ နုတ်ထွက်သွားကြောင်း သိရသည်။

ဝေဖန်

နေတိုးအဖွဲ့ဝင်ဖြစ်သည့် ဒိန်းမတ်နိုင်ငံသည် အီရတ်စစ်ပွဲတွင် ယုံကြည်စိတ်ချရသော အမေရိကန်၏ မဟာမိတ်ဖြစ်ပြီး ၎င်း၏ဗဟိုလက်ယာ အစိုးရသည် ဝါရှင်တန်ကဲ့သို့ဖြစ်၍ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက် ခြင်းမပြုမီ တစ်နှစ်အလိုက အီရတ်၌ အဖျက်စွမ်းအားကြီးလက်နက်များရှိသည်ဆိုသည့် လွဲမှားစွာ တင်ပြမှုအပေါ် ဝေဖန်ပြစ်တင်မှုများ ခံနေရသည်။

အစားထိုး

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ အနီးဝန်းကျင်၌ တပ်စွဲထားသော ဒိန်းမတ်တပ်ဖွဲ့ဝင် ၅၀၀အား ကြီးကြပ်ကွပ်ကဲနေသည့် အဆိုပါ နုတ်ထွက်သွားသည့်ဝန်ကြီး အက်ဗန့်ဒ် အာအေ့ဂျ်ဂျင်စဘိုင်နေရာတွင် အာဏာရ လစ်ဘရယ်ပါတီမှ ဆိုရမ်ဂိတ်အား အစားထိုးခန့်အပ်လိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်းမြစ်ရေသုံးစွဲမှုမမျှတကြောင်း ယူဂန်ဒါနိုင်ငံကအီဂျစ်ကိုစွပ်စွဲ

ကိုင်ရို ဧပြီ ၂၃

နိုင်းမြစ်၊ မြစ်ရေသုံးစွဲမှုနှင့် ပတ်သက်ပြီး အီဂျစ်နိုင်ငံအပေါ်တရားမှုမရှိကြောင်း ယူဂန်ဒါနိုင်ငံက စွပ်စွဲပြောကြားလျက်ရှိသည်။ အာဖရိကတိုက်မှ အရှည်လျားဆုံးနိုင်းမြစ်ကို ကာလကြာမြင့်စွာ အီဂျစ်တို့ ထိန်းချုပ်ထားမှုနှင့် ပတ်သက်ပြီး ပြန်လည်စေ့စပ်ညှိနှိုင်းမှု ပြုလုပ်နိုင်ရန် အာဖရိကနိုင်ငံဆယ်နိုင်ငံတို့က ကြိုးပမ်းလျက်ရှိကြောင်း၊ သက်တမ်း ၇၅ နှစ်ကြာရှိပြီဖြစ်သည့် စာချုပ်အရ ဒေသတွင်းနိုင်ငံများတွင် နိုင်းမြစ်ရေ အသုံးပြုပြီး လျှပ်စစ်ဓာတ်အားနှင့် လယ်ယာစိုက်ပျိုးရေးစီမံကိန်းများ ဆောင်ရွက်လိုပါက အီဂျစ်အစိုးရ၏ ခွင့်ပြုချက်ကိုရယူရကြောင်း သိရှိရသည်။ **(စီအင်န်အင်န်)**

အီရတ်မှ အီတလီတပ်များ ရုပ်သိမ်းလျှင်ရုပ်သိမ်း မရုပ်သိမ်းလျှင် ဖမ်းထားသည့် ဓားစာခံသုံးဦးအား သတ်ပစ်မည်ဟုဆို

ဝါရှင်တန် ဧပြီ ၂၄

အစ္စရေးအတွက် သူလျှိုလုပ်သည်ဟု စွပ်စွဲမှုဖြင့် လွန်ခဲ့သောနှစ်ပတ်ခန့်က အီရတ်နိုင်ငံ၌ ဖမ်းဆီးခြင်းခံခဲ့ရသူ အစ္စရေးအာရပ်တစ်ဦးအား ဖမ်းဆီးသူများက ကြာသပတေးနေ့၌ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အမေရိကန် အခြေစိုက်ကုမ္ပဏီတစ်ခု၏ အလုပ်ရှင်က ပြောကြားသည်။

သူ၏ အလုပ်သမားဖြစ်သည့် နာဘီဂျော့ရာကွတ် ရာစုံးသည် ကြာသပတေးနေ့ စောစောပိုင်းက လွတ်မြောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ သူသည် ဘေးမသီရန်မခဘဲ ပြန်လွှတ်လာခြင်းဖြစ်ကြောင်း နိုင်ငံတကာ တြိဂံသုတေသန ဒုတိယဥက္ကဋ္ဌ ဆဲလီဂျွန်ဆန်က ပြောကြားသည်။

ဖမ်းဆီး

ရာစုံးသည် အီရတ်၌ မြောက်ကာရိလိုင်းနား အခြေစိုက်ကုမ္ပဏီအတွက် ဒေသအုပ်ချုပ်ရေး တာဝန် လုပ်ကိုင်နေသူဖြစ်သည်။ ၎င်းသည် ဧပြီ ၈ ရက်က ဖမ်းဆီးခြင်း ခံခဲ့ရသူဖြစ်သည်။ မည်သို့လွတ်မြောက်လာသည်ဆိုသည့် အသေးစိတ်ကို ဂျွန်ဆန်က မပြောဘဲထားသည်။

လွတ်မြောက်

မကြာမီ သီတင်းပတ်များက အီရတ်၌ နိုင်ငံခြားသား ၅၀ ခန့် ဖမ်းဆီးခံခဲ့ရကြောင်း၊ အများစုမှာ ဘေးမသီရန်မခဘဲ ပြန်လည်လွတ်မြောက်လာခဲ့ကြသည်။

ခြိမ်းခြောက်

အီတလီ ဓားစာခံတစ်ဦးကို ဖမ်းဆီးထားသူများက သတ်ဖြတ်ခဲ့ကြောင်း၊ အခြားအီတလီ ဓားစာခံသုံးဦးမှာ အီရတ်မှ အီတလီတပ်များ မရုပ်သိမ်းလျှင် သတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်း ခံနေရသည်။

ပျောက်ဆုံး

ဧပြီ ၉ ရက်က တိုက်ခိုက်မှု များဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် အမေရိကန် အချို့ပျောက်ဆုံးနေကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ ကန်တို့ရင်ဆိုင်ရမည့် အခက်အခဲများစွာရှိနေဆဲ အမေရိကန်ပြည်တွင်း၌လည်း ဝေဖန်ပြစ်တင်မှုများရှိနေ

ဘဂ္ဂဒက် ဧပြီ ၂၃

အီရတ်နိုင်ငံသို့ အာဏာလွှဲပြောင်းမှုဆိုင်ရာ အစီအစဉ်များအားလုံး အဆင်ပြေမည်ဆိုလျှင်ပင် အမေရိကန်တို့ အနေဖြင့် ရင်ဆိုင်ရဦးမည့် အခက်အခဲများ ရှိနေသေးကြောင်းသိရသည်။ အီရတ်နိုင်ငံ ဘာဆာရာမြို့၌ အသေခံကားဗုံးများ ပေါက်ကွဲခဲ့ချိန်သည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အကျပ်ရိုက်နေသောအချိန်နှင့် တိုက်ဆိုင်နေသည်။

အမေရိကန်၏ အပေါင်းပါ နိုင်ငံများအနက်တတိယမြောက်နိုင်ငံအဖြစ် ဒိုမီနီကန် နိုင်ငံက အီရတ်ရှိ ၎င်း၏ တပ်ဖွဲ့များ ပြန်လည်ရုတ်သိမ်းမည် ဖြစ်ကြောင်း ကြေညာခဲ့ချိန်တွင် စပိန်နှင့် ဟွန်ဒူးရပ်စ်တို့၏ ကြေညာချက်များလည်း ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ ပင်တဂွန်က ယခုကဲ့သို့ တပ်ဖွဲ့များ ရုတ်သိမ်းမှုအပေါ် အလေးမထားကြောင်း ပြောကြားခဲ့သော်လည်း ဖော်လူဂျာ၌ တိုက်ပွဲများနှင့် ရင်ဆိုင်နေရသကဲ့သို့ အမေရိကန်ပြည်တွင်း၌လည်း ဝေဖန်မှုများ၊ တိုက်ပွဲများနှင့် ရင်ဆိုင်နေရသည်။ ဖော်လူဂျာမြို့တွင် အမေရိကန်အရပ်သား ကန်ထရိုက်တာလေးဦးသတ်ဖြတ်ခံရမှုကို ဖော်ထုတ်ရန် ရည်ရွယ်ကာ မြို့ကို ဝိုင်းရံခဲ့ရာမှ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး မကြာမီကမှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့သည်။

သို့ရာတွင် အမေရိကန်တို့၏ မျှော်မှန်းချက်ဖြစ်သော သတ်ဖြတ်မှု၌ ပါဝင်သူများအား ဖမ်းဆီးနိုင်ရေးသည် မဖြစ်နိုင်တော့ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ဝန်ခံခဲ့ရပြီးဖြစ်သည်။

အခြေအနေဆက်လက်ဆိုးရွားလာလျှင် အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်သို့ ထပ်မံစေလွှတ်ရမည်ဖြစ်ကာ အမေရိကန်အထက်လွှတ်တော် အမတ်များကလည်း ၎င်းအစီအစဉ်အပေါ် မကျေမနပ် ဖြစ်လျက်ရှိသည်။

(စီအင်န်အင်န်)

၂၀၀၄ ခုနှစ်တွင်လည်း အာရှစီးပွားရေးတိုးတက်နေမည်

ဝါရှင်တန် ဧပြီ ၂၃

ပြည်တွင်းဝယ်လိုအား အရှိန်အဟုန်ဆက်လက်ရရှိမှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအလားအလာ ခိုင်မာမှုအပေါ်အခြေခံသော အာရှစီးပွားတိုးတက်မှုသည် ၂၀၀၄ ခုနှစ်အတွင်း မြင့်မားမြဲ ရှိမည်ဟု မျှော်လင့်ကြောင်း နိုင်ငံတကာဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

အာရှတွင် စုစုပေါင်း ပြည်တွင်းထုတ်ကုန်(ဂျီဒီပီ) တန်ဖိုးတိုးတက်နှုန်းသည် ၂၀၀၄ခုနှစ်၌ ၇ ဒသမ၄ရာခိုင်နှုန်းနှင့် ၂၀၀၅ခုနှစ်၌ ၇ ဒသမ သုည ရာခိုင်နှုန်း ရှိဖွယ်ရှိရာ အခြားဒေသများထက် များစွာမြင့်မားကြောင်း အိုင်အမ်အက်ဖ်၏ ကမ္ဘာ့စီးပွားရေးအလားအလာအစီရင်ခံစာ၌ ဖော်ပြထားသည်။

အာရှတွင် ဂျီဒီပီတိုးတက်နှုန်းသည် ၂၀၀၃ခုနှစ်၌ ၇ ဒသမ သုညရာခိုင်နှုန်းထိ အရှိန်ရခဲ့ရာ ကမ္ဘာ့တိုးတက်မှု၏ ၅၀ရာခိုင်နှုန်းခန့် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဧပြီ ၂၄ ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မန်ချက်စတာယူနိုက်တက်နှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ လူငယ်တိုက်စစ်မှူး ခရစ်စတင်းနို ရော်နယ်ဒိုထိုးဖောက်ကစားစဉ်။

(ယင်းပွဲတွင် လီဗာပူးအသင်းက ပိုင်နယ်တီ တစ်ဂိုးဖြင့် အနိုင်ရသွားသည်။)(ဓာတ်ပုံ-အင်တာနက်)

ကန်ဦးဇေတဝန်စာသင်တိုက်ဆရာတော်၏အဂ္ဂမဟာပဏ္ဍိတဂုဏာပူဇာမင်္ဂလာအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပူဇော်ကြည်ညိုလှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ပူဇော်ကြည်ညိုသည်။

သာသနာရေးဆိုင်ရာများ လျှောက်ထား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ၏ အဂ္ဂမဟာ ပဏ္ဍိတ ဂုဏပူဇာမင်္ဂလာအခမ်းအနား တွင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။

(သတင်းစဉ်)

ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် တပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

ပလ္လင်ပေါ်သို့ပင့်ဆောင်

အစီအစဉ်အရ ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ပင့်လျှောက်လွှာဂါထာဖြင့် ရွတ်ဆိုပင့်လျှောက်ရာ တပည့်ဒါယကာများက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒသာမိဘိဝံသမဟာထေရ်အား ပူဇော်ပွဲကျင်းပရာ ပူဇာသနပလ္လင်ပေါ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် တေးသံရှင်ရွှေယမင်းဦးနှင့် ဘင်ဂျိုမောင်မောင်အဖွဲ့တို့က ထူးမခြားနားသီချင်းကြီးဖြင့် သီဆိုတီးခတ် ပူဇော်ကြသည်။

ရှေးဦးစွာ ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော်ဘဒ္ဒန္တကေသရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်သံဃာတော်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားရာတွင် "ယနေ့ကျင်းပပြုလုပ်သည့် ကန်ဦးဇေတဝန်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသ အရှင်မြတ်အား ချီးကျူးပူဇော်သည့် (အဂ္ဂမဟာပဏ္ဍိတ)ဂုဏပူဇာအခမ်းအနားသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ အမှူးပြုသည့် သံဃာတော်အရှင်မြတ်တို့အား ဖူးမြော်ကြည်ညိုခွင့်ရရှိသည့်အတွက် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောအကျိုးစီးပွားများ တိုးပွားစေနိုင်သည့် ကုသိုလ်မင်္ဂလာတရားများကို ဆည်းပူးခွင့်ရရှိပါကြောင်းကို ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

မြင့်မြတ်သောရဟန်း

ကန်ဦးဇေတဝန်ဆရာတော်ကြီးသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ ခမည်းတော်ဦးလှမောင်၊ မယ်တော်ဒေါ်ဂွမ်းပုံတို့မှ ၁၃၀၅ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက်(စနေနေ့)တွင်ဖွားမြင်တော်မူခဲ့ပါကြောင်း၊ ဆရာတော်လောင်းလျာသည် သက်တော် ၁၃ နှစ်အရွယ် ၁၃၁၈ ခုနှစ် ဝါဆိုလတွင် အရှင်နန္ဒသာမိဘွဲ့အမည်ဖြင့် ရှင်သာမဏေပြုခဲ့၍ သက်တော် ၂၀ အရွယ် ၁၃၂၅ ခုနှစ် ဝါဆိုလဆန်း ၁၅ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့ အိုးဘိုကျောင်း ခဏ္ဍသိမ်၌ အိုးဘိုကျောင်းဆရာတော် ဘဒ္ဒန္တသုစရိတကို ဥပဇ္ဈာယ်ပြု၍ ဦးကျင်မောင်–ဒေါ်တင်နုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိခဲ့ပါကြောင်း။

ထို့နောက် ပရိယတ္တိစာပေကျမ်းဂန်များကို ကျမ်းတတ်အကျော် စာချ ဆရာတော်ကြီးများအထံတော်၌ သင်ယူဆည်းပူးတော်မူခဲ့၍ သာသနဓဇ ဓမ္မာစရိယစာချတန်းနှင့် စေတိယင်္ဂဏ ပရိယတ္တိသာသနဟိတဓမ္မာစရိယ စာချတန်းစာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခဲ့ပြီး ရန်ကုန်မြို့ သရက်တောတိုက် သာသနောဒယကျောင်း၌ ပိဋကတ်စာပေကျမ်းဂန်များ ပို့ချတော်မူခဲ့၍ ၁၃၃၃ခုနှစ် တွင် ယခုလက်ရှိ ကန်ဦးဇေတဝန်စာသင်တိုက်ကိုတည်ထောင်ပြီး နှစ်ပေါင်း ၃၀ ကျော် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယ

စာချတန်းဖြေဆိုမည့် စာသင်သားများအား ပရိယတ္တိစာပေသင်ကြားပို့ချပေးခဲ့ရာ ပထမငယ်တန်းအောင် ၅၀၅ ပါး၊ ပထမလတ်တန်းအောင် ၄၁၄ ပါး၊ ပထမကြီး တန်းအောင် ၂၆၅ ပါး၊ ဓမ္မာစရိယစာချတန်းအောင် ၆၁ပါးတို့ပေါ်ထွန်းခဲ့၍ ယခုအခါ စာသင်သားသံဃာအပါး ၁၆၀ တို့ကို ထိန်းသိမ်းအုပ်ချုပ်တော်မူလျက် ဂန္ထဓုရတာဝန်ကို ဆက်လက်ထမ်းဆောင်တော်မူလျက်ရှိကြောင်းကို သိရှိရပါကြောင်း။

မူလစာသင်တိုက် စတင်ဖွင့်လှစ်စဉ်က စာသင်သားသံဃာ နှစ်ပါးမျှဖြင့် ဖွင့်လှစ်ခဲ့ရသော်လည်း ယခုအခါ တပည့်စာသင်သားသံဃာတော်အပါး ၁၆၀ ကျော်အထိ တိုးတက်စည်ပင်ပြန့်ပွားထွန်းကားလာခဲ့၍ သာသနိက အဆောက် အအုံများမှာလည်း မူလစတင်စဉ်က ဓနိမိုး၊ ဝါး၊ ထရံကာကျောင်းများဖြင့် စတင်ခဲ့ရသော်လည်း ယခုအခါ တစ်ထပ်တိုက် သုံးကျောင်း၊ နှစ်ထပ်တိုက် သုံးကျောင်း၊ သုံးထပ်တိုက် တစ်ကျောင်း၊ လေးထပ်တိုက် တစ်ကျောင်း စသည်ဖြင့် နှစ်ထောင်းအားရဖွယ်ရာ တိုးတက်ကြီးပွားနေသည်ကို တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ တိုးတက်ကြီးပွားလာခြင်းမှာ ကန်ဦးဇေတဝန်ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်အင်အားကြီးမားခြင်းကြောင့်လည်းကောင်း၊ လုံ့လဝီရိယကြီးမားမှု၊ အုပ်ချုပ်မှုစည်းစနစ် တိကျကောင်းမွန်ခြင်းတို့ကြောင့် လည်းကောင်း၊ တိုက်အုပ် တိုက်ကြပ် စာချဆရာတော်များ၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုနှင့် ဒါယကာဒါယိကာမများ၏ ပစ္စည်းလေးပါးချီးမြှင့်ထောက်ပံ့မှု တို့ကြောင့်ဖြစ်ပါကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိသည်ကို တင်ပြလျှောက်ထား အပ်ပါကြောင်း။

ပူဇော်ပွဲကျင်းပ

ပရိယတ္တိသာသနာတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူလျက်ရှိသော ကန်ဦးဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသာမိဘိဝံသအရှင်သူမြတ်အား နိုင်ငံတော်အစိုးရက ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ဂုဏ်ပြုပူဇော်ခြင်းဖြစ်ပါကြောင်း၊ ယခုတစ်ဖန် ဆရာတော်ကြီး၏ တပည့်များနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ထပ်မံ၍ ဂုဏဝိသိဋ္ဌ ပူဇာ ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြုလုပ်ကြခြင်းဖြစ်ပါကြောင်း။

ရှေ့သို့ဆက်လက်၍ ကန်ဦးဇေတဝန်စာသင်တိုက်ကြီး တိုးတက်ကြီးပွား အောင် ဆရာ ဒကာ လက်တွဲညီညာစွာ သာသနာပြုနိုင်ကြပါစေဟု ဆန္ဒမွန်ပြုအပ် ပါကြောင်း။

ကန်ဦးဇေတဝန်ဆရာတော်ကြီးသည် ကျန်းမာစွာဖြင့် သက်တော် ရာကျော် ရှည်လျက် ပရိယတ္တိစာပေကျမ်းဂန်ပို့ချမှု ဂန္ထဓုရလုပ်ငန်းတာဝန်ကြီးကို ဆတက် ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်းကို ဆုတောင်းအပ်ပါကြောင်း။

ယနေ့ပြုလုပ်ဆည်းပူးအပ်သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်စေတနာ စွမ်းအားတို့ကြောင့်လည်းကောင်း၊ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့၏ သီလ၊ သမာဓိ၊ ပညာ တန်ခိုးတေဇောအာနုဘော်တော်ကြောင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းသာယာလျက် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အနှောင့်အယှက်အပိတ်အပင် အတားအဆီးကင်းရှင်းစွာဖြင့် ရည်မှန်းထားသည့်အတိုင်း အလျင်အမြန်ရောက်နိုင် ပါစေသော်ဟု အာသီသပတ္ထနာပြုလျက် တပည့်တော်၏လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ဂုဏပူဇာမင်္ဂလာအခမ်းအနားအတွက် မင်းကွန်းတိပိဋကဆရာတော် လေးပါးက ငွေကျပ်နှစ်သိန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ်တစ်သိန်း၊ ဦးကျော်မြင့်၊ ဒေါ်တင်တင်အေးမိသားစု (ထိပ်တန်းမုန့်ဟင်းခါး)က ငွေကျပ် တစ်သိန်း၊ တပည့်ဒါယကာဒါယိကာမများက ငွေကျပ်ငါးသိန်း၊ ဒေါ်အေးမြန္တယ် (ပုဂံဟိုတယ်)က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီးမြင့်အောင်ကျော် ဇနီးမိသားစုက နေ့ဆွမ်းလှူဒါန်းကြကြောင်း သိရှိရသည်။

ဆက်လက်၍ တပည့်ဖြစ်သူ စာချဓမ္မကထိက ဘဒ္ဒန္တကုသလ(ဓမ္မာစရိယ) က အာစရိယဂုဏထုတိပူဇာဂါထာဖြင့် ရွတ်ဖတ်ပူဇော်သည်။

ဖတ်ကြားလျှောက်ထား

ထို့နောက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနန္ဒသာမိဘိဝံသ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိကထာအကျဉ်းကို တပည့်ဖြစ်သူ ဦးသီဟဗလ (ဓမ္မာစရိယ)က ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် ရွှေတံဆိပ်ငါးဆုရှင် မသဥ္စာထွန်းက ဆရာတော်၏ထေရုပ္ပတ္တိ သီချင်းဖြင့် သီဆိုပူဇော်သည်။

ဆက်လက်၍ စာရေးဆရာမောင်ခိုင်တည် ရေးသား ပူဇော်သော ဆရာတော်၏ဂုဏ်တော်ဘွဲ့တေးထပ်နှင့် ဧကပိုဒ်ရတုတို့ဖြင့် ရွှေယမင်းဦးက သီဆိုပူဇော်သည်။

ထို့နောက် ကန်ဦးဇေတဝန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသက အနုမောဒနာတရားချီးမြှင့်တော်မူပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဂုဏပူဇာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

26-4 (7).p65 1 03/24/1905, 1:39 PM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် စိန်ဖူးတော်ကို စေတီတော်အား လက်ယာရစ်လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီး၏ အလယ်ဌာပနာတိုက်၌ ဌာပနာတော်များ ထည့်သွင်းပူဇော်စဉ်။ (သတင်းစဉ်)

✡ **ကျောဖုံးမှ**

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကိုယူဆောင်၍ စေတီတော်ဝတ္တကမြေနေရာ၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်လှူဒါန်း

ထို့နောက် ဒေါ်ကြိုင်ကြိုင်က မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကို ရည်စူး၍ ဌာပနာတော်များနှင့် စိန်ဖူးတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇသရက်ဆရာတော် ဘဒ္ဒန္တကောသလအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာပနာတော်၊ ငှက်မြတ်နားတော်၊ ဆွဲလဲပဒေသာတို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော်ဘဒ္ဒန္တကောသလအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးများနှင့်အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာများကိုယ်စား စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးဦးစီးအရာရှိ(ပထမတန်း) ဒုတိယဗိုလ်မှူးကြီးခင်မောင်ဇော်က ကုန်းတလပေါင် စံပြကျေးရွာတွင် တည်ဆောက်ပြီးစီးခဲ့သော မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံခြင်းစာတမ်းကို ဖတ်ကြားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ဘုရားဒါယကာ ဒါယိကာမများကိုယ်စား မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ အမှားအယွင်းနှင့် မပြည့်စုံခြင်းရှိပါက ခွင့်လွှတ်ပါမည့်အကြောင်း တိုင်ကြားသည့်စာတမ်းကို ဖတ်ကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီးအတွက် အရှင်နန္ဒသာရကြာအင်း ပေါ်တော်မူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘားအံမြို့နယ် ကရင်ပြည်နယ်က ငွေကျပ် ၁၁၀၀၀၀၀၀၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဒေါက်တာဒေါ်ခင်ဝင်းရွှေ မိသားစုက စေတီတော်ရွှေသင်္ကန်းအတွက် ငွေကျပ် ၈၅၇၃၄၃၊ ဒေါက်တာအောင်သွင်ကျော်-ဒေါ်ဌေးဌေးဝင်း၊ သမီး မဇာဏီဝင်း၊ သားကြီးမောင်ရဲကျော်ဟိန်း၊ သားငယ် မောင်အောင်ကျော်ထိုက် မိသားစုက ငွေကျပ် ၄၄၆၀၀၀၀၀၊ နဂါးအဖွဲ့မှ ဒေါ်ခိုင်ခိုင်ဝင်းနှင့် မောင်ဦးဇော်လင်းနှင့် အဖွဲ့က ငွေကျပ် ၁၁၃၀၀၀၀၀၊ လှိုင်သာယာမြို့နယ်စက်မှုဇုန်အဖွဲ့မှ လှူဒါန်းငွေကျပ် ၂၅၀၀၀၀၀၊ ဦးမြင့်ဦး-ဒေါ်မမလေး မိသားစုက ငွေကျပ် ၂၀၀၀၀၀၀၊ ဦးတင်မောင် (စန္ဒီပရဆေး) မြန်မာတိုင်းရင်းဆေး အဖွဲ့က ငွေကျပ် ၂၀၀၀၀၀၀၊ ဦးထွန်းလင်းနှင့် ဇနီး ဒေါ်ဆွေမာလွင်၊ သမီး ဝင့်ဝါထွန်းက ငွေကျပ် ၁၆၂၅၀၀၀၊ ဦးအောင်ကြီးမြင့် (ကျန်စစ်မင်းဆောက်လုပ်ရေး) ဘုရင့်နောင်ပွဲရုံကငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်အေးမြနွယ် ပုဂံဟိုတယ်ကငွေကျပ် ၁၀သိန်း၊စစ်တက္ကသိုလ်အမှတ်စဉ်(၁၇) သင်တန်းဆင်း အရာရှိကြီးများက ငွေကျပ်၇၅၀၀၀၀၊ဒေါ်မြသီမိသားစု (ရွှေစေတီတော် အနောက်မုခ်လမ်းမြေ)ကငွေကျပ် ၇၀၀၀၀၀၊ ဦးဘိုးရှိ-ဒေါ်မြင့်မြင့်စိန်မိသားစုက ငွေကျပ် ၆၀၀၀၀၀၊ နန်းဦးဆရာတော်ဦးနာရဒ၊ ဦးငွေစိုး၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်နွယ်နွယ်ဝင်းမောင်နှမတစ်စုက ငွေကျပ် ၆၀၀၀၀၀၊ ပင်မ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားတွင် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးကို ရည်စူး၍ ဌာပနာတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော်ဘဒ္ဒန္တကောသလအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာ အခမ်းအနားတွင် ဌာပနာတော်တို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သရက်ဆရာတော် ဘဒ္ဒန္တကောသလအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး၏ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များဖြင့် ရေချိုးတော်ဖွင့်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေစေတီတော်မြတ်ကြီးအား သာသနာအောင်လံတော်နှင့် ရွှေကြာသကင်န်း ဆက်ကပ်လှူဒါန်းပူဇော်သည်။

ထို့နောက် သီရိသုဓမ္မမဏိဇောတဓရ တိုက်ကြား ဦးသန်းလှက ဆုတောင်းပတ္ထနာပြု၍ အမျှပေးဝေသည်။

ရွှေမိုးငွေမိုးရွာ

မင်္ဂလာအခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒေါ်ကြိုင်ကြိုင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

ထို့နောက်ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်မိသားစုကငွေကျပ် ၅၅၃၅၀၀၊ ဦးတင်အောင်-ဒေါ်စန်းမိသားစုကငွေကျပ် ၅၁၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါးမိသားစုကငွေကျပ် ၅၀၀၀၉၀၊ ဦးမြင့်ဇော် မိသားစု (ရွှေစေတီတော်အနောက်မုခ်လမ်းမြေ) ကငွေကျပ် ၅၀၀၀၀၀၊ ဦးအောင်မိုးကျော်-ဒေါ်စောရှင် (Grand Royal ဝိစကီ)ကငွေကျပ် ၅၀၀၀၀၀၊ ဦးအောင်ဝင်း (MD) T.W.J.Sကုမ္ပဏီကငွေကျပ် ၅၀၀၀၀၀ အပါအဝင် အလှူရှင်များက ငွေကျပ် ၉၀၇၅၀၀၀၀ ကိုပေးအပ်လှူဒါန်းကြရာရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က လက်ခံကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးမြို့ ဝိဇိတာရုံ ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသက အနုမောဒနာ တရားဟောကြားတော်မူပြီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မဟာမင်္ဂလာ အစီအစဉ်ဒုတိယပိုင်းကို ဆက်လက်ကျင်းပသည်။

ပန်ကြားလျှောက်ထား

အစီအစဉ်အရ ရန်ကုန်တိုင်းသာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က ဌာပနာတော်၊ ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်၊စိန်ဖူးတော်တို့ကို စေတီတော်မြတ်ကြီး၌ တင်လှူပူဇော်ခွင့်ပြုပါရန် ပန်ကြားလျှောက်ထားသည်။

ဆက်လက်၍ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ရွှေထီးတော် တင်လှူပွဲ အစီအစဉ်ကို ကျင်းပသည်။

လှည့်လည်အပူဇော်ခံ

ရှေးဦးစွာ သာသနအလံကိုင်အဖွဲ့ ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များနှင့် ဌာပနာတော်များကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်လှည့်လည် အပူဇော်ခံသည်။

သီဆိုပူဇော်

ထိုအချိန်တွင် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဝင် ပညာရှင်များက မင်္ဂလာစည်တော်သံရတုတေးထပ်များဖြင့် သီဆိုပူဇော်ကြသည်။

အစီအစဉ်အရ ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော် စိန်ဖူးတော်တို့ကို ကုသိုလ်ဖြစ် တိုက်ကြားထီးတော်တင်အဖွဲ့ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

အထွတ်သို့ပင့်ဆောင်

ထို့အတူ ဥပသကာများက ဌာပနာတော်များကို စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအခါတော်တွင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အလယ်ဌာပနာတိုက်၏ ပင်မဌာပနာတိုက်မှ အစပြု၍ ဌာပနာတိုက်ကိုးတိုက်၌လည်းကောင်း၊ အထက်ဌာပနာတိုက် လေးတိုက်တို့၌လည်းကောင်း ဌာပနာပစ္စည်းများကို ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ ရွှေထီးတော်တင်လှူခြင်း အစီအစဉ်ကို ကျင်းပသည်။

ထို့နောက် ဒေါ်ကြိုင်ကြိုင်က ထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ပြီး တိုက်ကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ ရထားပျံဖြင့် ထီးတော်ဘုံဆင့်များ၊ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်အောင်မင်း၊ ပန်တျာကြည်လင်၊ မောင်နန်းဝင်းနှင့် သဘင်ပညာရှင်များက ရတုပိုဒ်စုံ၊ တေးထပ်တို့ဖြင့် သီဆိုပူဇော်ကြသည်။

ယင်းနောက် ဥပသကာများက စေတီတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်သည်။

ရေချိုးတော်ဖွင့်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ကျန်းမာရေးဝန်ကြီးများအစည်းအဝေးမှ ဝန်ကြီးဒေါက်တာကျော်မြင့်ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မလေးရှားနိုင်ငံ ပီနန်မြို့၌ ဧပြီ ၂၂ ရက်မှ ၂၃ ရက်အထိကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E Dato' Cheah Sam Kip ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသော ကျန်းမာရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးအောင်၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိန်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြားဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဖေသက်ထွန်းတို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ရေ၊လေ)ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ မြရိပ်ညိုရှိ ုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် သီဆိုကပြဖျော်ဖြေကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်း-၁၃)

(သတင်းစဉ်)

သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်ရေးညှိနှိုင်းစည်းဝေး အောင်အောင်မြင်မြင်တင်လှူပူဇော်နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်တက်ရောက်မှာကြား

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ အောင်မြင်ချောမွေ့စွာ တင်လှူပူဇော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် အဆိုပါသဗ္ဗညုပုထိုးတော်ကြီး မြေညီထပ်ဓမ္မာရုံကျောင်းပရာ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော် တင်လှူမည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ သဗ္ဗညုပုထိုးတော်ကြီးတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ သဗ္ဗညုပုထိုးတော်ကြီးစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့ အောင်မြင်ချောမွေ့စွာ တင်လှူပူဇော်နိုင်ရေးညှိနှိုင်း အစည်းအဝေးကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ရှေးဦးစွာ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် သဗ္ဗညုပုထိုးတော်ကြီး တည်ထားမှုလုပ်ငန်းမှာ ကြီးမားသည့် လုပ်ငန်းကြီးဖြစ်သော်လည်း ကော်မတီများ စနစ်တကျဖွဲ့စည်းဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ရွှေထီးတော်တင်လှူပူဇော်နိုင်သည့်အဆင့်သို့ ရောက်ရှိပြီးစီးနေပြီဖြစ်ကြောင်း။

ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် အောင်အောင်မြင်မြင် တင်လှူပူဇော်နိုင်ရေးအတွက်ကိုလည်း လိုအပ်သည့် ကော်မတီများဖွဲ့စည်းပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း။

ပုထိုးတော်ကြီးမှာ ဉာဏ်တော်မြင့်မားသည့်အလျောက် ရွှေထီးတော် တင်လှူပူဇော်ရာတွင် လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ ကြိုတင်ပြင်ဆင်ထားနိုင်ရေးအတွက် ကော်မတီအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ရေးများကို ရှင်းလင်းတင်ပြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားအတွက် ဆပ်ကော်မတီကိုးခု ဖွဲ့စည်းဆောင်ရွက်လျက် ညှိနှိုင်းဆောင်ရွက်နေမှုအခြေအနေ၊ ဆပ်ကော်မတီများ၏ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဧပြီ ၂၈ ရက်တွင် ပြီးပြတ်အောင် ဆောင်ရွက်ထားရှိမည့် အစီအစဉ်၊ ရွှေထီးတော်တင်လှူပွဲ အစမ်းလေ့ကျင့်မှု အစီအစဉ်၊ ဘဏ္ဍာရေး အခြေအနေနှင့် ဆပ်ကော်မတီများက ကြိုတင်ဆောင်ရွက်မှု အခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ရေး ဆပ်ကော်မတီများဖြစ်ကြသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ထီးတော်တင်လှူရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စီစဉ်ထားရှိ

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ပွဲ အခမ်းအနားတွင် ဓမ္မပူဇာတေး၊ မြန်မာ့ဆိုင်းဝိုင်းကြီး၊ မင်္ဂလာစည်တော်နှင့် ဒေဝါဝင်း၊ ရာဇာဝင်းများ ခင်းကျင်းရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် သဗ္ဗညုပုထိုးတော်ကြီး တတိယထပ်တွင် ကိန်းဝပ်စံပယ်တော်မူသော စည်သူပန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာများ ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓရုပ်ပွားတော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုပြီး ရွှေထီးတော်တင်လှူမည့် ရထားပုံဆိုင်းကြိုးနှင့် တင်လှူမည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးကာ ညနေ၅နာရီ၄၅မိနစ်တွင် သဗ္ဗညုပုထိုးတော်ကြီးမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် တင်လှူပူဇော်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၆-၄-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။	ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲအစီအစဉ်
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Business Environment (စီးပွားရေး၊ စီပွားစီမံ)
၅:၃၀	၁၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	မြန်မာ့ရှုခင်း
၆:၃၅	၁၆။	လျှပ်တစ်ပြက်
၆:၄၅	၁၇။	မေးမြန်းစူးစမ်း
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဉာဏ်ကျယ်လေး အပိုင်း(၁၃)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင်" အယောင်ဆောင်ချစ်သူ အပိုင်း(၅) ဇာတ်သိမ်း**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းစစ်ဆေး ဗိုလ်တထောင်ကမ်းနဖူးလမ်းသန့်ရှင်းသပ်ရပ်ရေးနှင့်အဆင့်မြှင့်တင်ရေးလုပ်ငန်းများအမြန်ပြီးစီးရေးမှာကြား

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများသန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။



ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး စီမံကိန်းအရ ဆောင်ရွက်နေသောလုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ရေဆိုးသန့်စင်စက်ရုံ

ထို့နောက်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းက ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းအရ ဆောင်ရွက်နေသည့် Sludge Digester Tank, Sludge Thickner Tank, Secondary Sedimentation Tank, Aeration Tanks, Pump Sump, Primary Sedimantation Tank, ChlarinationTank, Dewatering House, RC Road, Main Manhole, Culvert, Transformer, Power Station, Underground Cableလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှု၊ ပစ္စည်းများ ရရှိစုဆောင်းထားမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်မှုများ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗိုလ်တထောင် ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေဆိုးများ သန့်စင်စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းအပိုင်း(၁) အနေဖြင့် ကားရပ်နားရန် နေရာအတွက် ကွန်ကရစ်လွင်ပြင်တည်ဆောက်ခြင်း၊ လူသွားစင်္ကြံခင်းခြင်းလုပ်ငန်း၊ သံပိုက်လက်ရန်းတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ လုပ်ငန်းအပိုင်း(၂) အနေဖြင့် ဆိပ်ကမ်းတာရိုးပြုပြင်ခြင်းနှင့် အလုကွက်ဖော်ခြင်း၊ ဆိပ်ကမ်းတာရိုးအသစ်ပြုလုပ်ခြင်း၊ High Mast မီးတိုင်စိုက်ထူခြင်း၊ သံကူကွန်ကရစ် ထိုင်ခုံပြုလုပ်ခြင်း၊ အုန်းပင်စိုက်ပျိုးခြင်း၊ ပင်မရေမြောင်း တိုးချဲ့တည်ဆောက်ခြင်း၊ လမ်းနိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်း၊ လမ်းဘေးရေမြောင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



အမြန်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းများ အမြန်ပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗိုလ်တထောင် ကမ်းနားဒေသ ကမ်းနဖူးလမ်း သန့်ရှင်းသပ်ရပ်ရေးနှင့် အဆင့်မြှင့် တင်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်ချုပ်စောလွင် အင်းတကော်စက်မှုနယ်မြေစစ်ဆေး

ရန်ကုန် ဧပြီ ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၀နာရီက ပဲခူးတိုင်း အင်းတကော်ဒေသရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိပြီး အသစ်တည်ဆောက်မည့် လျှပ်စစ်မော်တာစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံများအတွက် မြေနေရာလျာထားသတ်မှတ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက အဆောက်အအုံများ ဆောက်လုပ်ရာတွင် စနစ်တကျ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ အလူမီနီယမ် ဝါယာကြိုးစက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးက စက်များကိုစနစ်တကျ တပ်ဆင်၍ နည်းပညာလွှဲပြောင်း ရယူရေးအတွက် ကြိုးစားဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် အကာအကွယ်အစီအမံများ စနစ်တကျ ဆောင်ရွက်ထားရှိရန်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရေး စီမံဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ် ကင်းရှင်းရေး ကြပ်မတ်ရန်နှင့် လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီတို့ကို ခြိုးခြံချွေတာ အသုံးပြုရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၄၇)ထွက်ရှိ

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် (၄၄၇)ကို ယနေ့(ဧပြီ ၂၆ရက်)တွင် စတင်ဖြန့်ချိလိုက်သည်။**(ဓါတ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်လျက်ရှိသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် အီရတ်စစ်ပွဲမှ မဟာမိတ်များကို အကြမ်းဖက်တိုက်ရန် ခြိမ်းခြောက်မှု၊ ဇင်ဘာဘွေနိုင်ငံအကြောင်း သိကောင်းစရာ၊ ဂွါတာနာမိုံ အကျဉ်းသား ၆၀၀ တရားစီရင်ရေးပြဿနာ၊ အီရတ်မှ တပ်ဖွဲ့ရုပ်ပေးခြင်းဖြင့် အမေရိကန်တို့ ကျေးဇူးရှိနိုင်၊ အစ္စရေး အခြေချရပ်ကွက်အချို့ ဖယ်ခွာပေးမည်၊ အင်တာနက်စောရများကိုဖမ်းဆီးခြင်း၊ ဆားစ်ရောဂါ တစ်ကျော့ပြန်မလာရေး ကာကွယ်မည်၊ ပူးတွဲအာကာသခရီး၊ နိုင်ငံတကာဟာသ၊ လူအမြောက်အမြား သေဆုံးရသည့် မီးရထား မတော်တဆဖြစ်မှု၊ ဒိုင်ယာနာပုံများ ထုတ်လွှင့်မှု မိသားစုဝင်များ ဒေါသထွက်၊ ဟားမားစ်ခေါင်းဆောင် လုပ်ကြံခံရမှု စသည့်သတင်းများနှင့် ဆောင်းပါးများ ဝေဝေဆာဆာဖော်ပြထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် မွန်းလွဲပိုင်းသဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်စဉ်နှင့်စာတမ်းများအပေါ် ဖြည့်စွက်မှာကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့အစီအစဉ်များကျင်းပ

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့ အစီအစဉ်များကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညီလာခံသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီ နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင်များ တက်ရောက်ကြသည်။

ညီလာခံတွင် နံနက်ပိုင်း သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီများက ပြည်နယ်နှင့်တိုင်းများအလိုက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြရာ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ငွေအောင်က “ဘ၀အလင်း အတွက် စမ်းရေစက် အကြင်နာဖြည့်စွက်မိခင်လက်” စာတမ်းကို လည်းကောင်း၊ ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဝင်းက “ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းရှိ မိခင်များ၏ ငှက်ဖျားရောဂါအကြောင်းသိရှိမှုအခြေအနေလေ့လာခြင်း” စာတမ်းကို လည်းကောင်း၊ ကရင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က “နေညိုချိန် အပြုံးများ”စာတမ်းကို လည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ထွန်းက “ချင်းပြည်နယ် HIV/AIDS ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် လူငယ်လူရွယ်များ၏ ပါဝင်လှုပ်ရှားမှု” စာတမ်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ကျော်ရှိန်က“သားအိမ်ခေါင်းကင်ဆာ စောစီးစွာရှာဖွေဖော်ထုတ်ခြင်း” စာတမ်းကို လည်းကောင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဆွေဝင်းက “ကိုယ်ဝန်ဆောင် မိခင်များ၏ ကိုယ်ဝန်ဆောင်မှုဆိုင်ရာ သိနားလည်ခံယူဆောင်ရွက်မှု လေ့လာခြင်း” စာတမ်းကိုလည်းကောင်း၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က “မြန်မာအမျိုးသမီးထုအတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု အခြေခံအချက်အလက်များ ဖော်ထုတ်ရရှိမှု သုတေသန” စာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံ ဒုတိယနေ့တွင် နံနက်ပိုင်း သဘာပတိအဖြစ် အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ဆောင်ရွက်စဉ်နှင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်လှမြင့်က “မကွေးတိုင်း လူငယ်လူရွယ်များ၏ HIV/AIDS ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုင်ရာ ယုံကြည်မှု အန္တရာယ်ရှိသော အပြုအမူများနှင့် ရောဂါကာကွယ်ရေး အလေ့အကျင့်များလေ့လာခြင်း”စာတမ်းကို လည်းကောင်း၊ မွန်ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ဝင်းကျော်က “မွန်ပြည်နယ် မော်လမြိုင်မြို့ ရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လေ့လာချက်” စာတမ်းကို လည်းကောင်း၊ ချင်းပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သန်းထွန်းဦးက“မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများလုပ်ငန်း ဆောင်ရွက်မှုလေ့လာသုံးသပ်ချက်”စာတမ်းကို လည်းကောင်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်အောင်ချိုက “ရခိုင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ ကလေးများ ကျန်းမာရေးနှင့် ကလေးများ၏ ပတ်ဝန်းကျင်ဆက်စပ်မှုအား လေ့လာဆန်းစစ်ခြင်း” စာတမ်းကို လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်က“လှိုင်သာယာမြို့နယ်အတွင်း မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများ၏ ပါဝင်မှုကို လေ့လာခြင်း”စာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းအစီအစဉ်

ထို့နောက် မွန်းလွဲပိုင်းအစီအစဉ်များကိုကျင်းပရာ ညီလာခံသဘာပတိအဖြစ်ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက ဆောင်ရွက်သည်။

အစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုင်းခမ်းလှိုင်က “မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ခုခံကျဆင်းမှုကူးစက်ရောဂါနှင့်ပတ်သက်သော အပြုအမူဆိုင်ရာ လေ့လာဆန်းစစ်ချက်” စာတမ်းကို လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ညွန့်ဝင်းမြင့်က “ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ အထက်တန်းကျောင်းသူကျောင်းသားများ၏ ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သိမြင်ယူဆပြုမူပုံကိုလေ့လာမှု”စာတမ်းကို လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မြင့်အောင်က “ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်အတွင်းရှိ မူးယစ်ဆေးဝါးစွဲလူနာများ လျှော့ချရေးလုပ်ငန်းတွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၏ ပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍ” စာတမ်းကိုလည်းကောင်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသန်းအောင်က “ညနေပန်းများ မနွမ်းစေချင်”စာတမ်းကို လည်းကောင်းအသီးသီးဖတ်ကြား တင်သွင်းကြသည်။

ပဲခူးတိုင်း၏ စာတမ်းကို ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်မြင့်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်၏ စာတမ်းကို မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ထွန်းက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စာတမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ စိုင်းခမ်းလှိုင်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း၏ စာတမ်းကို ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သန်းထွန်းဦးက ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း၏ စာတမ်းကို ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သန်းအောင်က ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ထို့နောက် သဘာပတိဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဖတ်ကြားတင်သွင်းကြသောစာတမ်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးပြီး ညီလာခံ ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ညီလာခံကို ဧပြီ ၂၆ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဧပြီ ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှ Major General AIM Mustafa Reza Noor, ndc ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်ကြည်း၊ ရေ၊ လေ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ သွားရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အတူနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသံရုံးမှ စစ်သံမှူး Brigadier General Helal Uddin Ahmed, pscတို့လည်း တက်ရောက်ကြသည်။

ညစာတည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည်ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ Major General AIM Mustafa Reza Noor. ndc နှင့် အဖွဲ့အား ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ် ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အတူနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် များဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့်ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီး များ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသံရုံးမှ စစ်သံမှူး Brigadier General Helal Uddin Ahmed,pscနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဧည့်သည်တော် Major General AIM Mustafa Reza Noor,ndcတို့သည် အမှတ်တရ လက်ဆောင်များအပြန်အလှန်ပေးအပ်ကြပြီး မြရိပ်ညိုရှိုင်ရယ် ဟိုတယ်မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ဦးဆောင်သည့် ဘင်္ဂလားဒေ့ရှ်တပ်မတော် (ကြည်း၊ရေ၊လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံစဉ်။
(သတင်းစဉ်)

ပရီမီယာရှစ်ပွဲစဉ်(၃၅)ဆက်လက်ယှဉ်ပြိုင် အာဆင်နယ်ချန်ပီယံဖလားဆွတ်ခူးပြီ

ရန်ကုန် ဧပြီ ၂၅

အင်္ဂလိပ်ပရီမီယာရှစ်ပွဲစဉ်(၃၅)ကို ဧပြီ ၂၄ရက်နှင့် ၂၅ ရက်များက ဆက်လက်ကျင်းပရာ လီဗာပူးအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအခြေအနေကောင်း သွားသည်။

မန်ချက်စတာယူနိုက်တက်၏ အိုးထရက်ဖို့ကွင်း၌ ကျင်းပသောပွဲတွင် လီဗာပူးက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ရာ ၆၃မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒန်နီမာဖီက သွင်းယူသည်။

အခြားပွဲစဉ်များတွင် ဘလက်ဘန်းက အဲဗာတန်ကို တစ်ဂိုး–ဂိုးမရှိ၊ ဖူဟမ်က ချာလတန်ကို နှစ်ဂိုး– ဂိုးမရှိ၊ အက်စတွန်ဗီလာက မစ်ဒယ်ဘရောကို နှစ်ဂိုး–တစ်ဂိုး၊ ဘော်လတန်က ဆောက်သမ်တန်ကို နှစ်ဂိုး–တစ်ဂိုး၊ ပို့စ်မောက်က လိဒ်စ်ကို နှစ်ဂိုး–တစ်ဂိုး၊ နယူးကာဆယ်က ချယ်လ်ဆီးကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြသည်။ လက်စတာနှင့် မန်စီးတီး တစ်ဂိုးစီသရေ၊ ဘာမင်ဟမ်နှင့် ဝုလ်ဗာဟမ်တန် နှစ်ဂိုးစီသရေ၊ တော့တင်ဟမ်နှင့်အာဆင်နယ် နှစ်ဂိုးစီ သရေပွဲဖြစ်သွားကြသည်။

အာဆင်နယ်အသင်းသည် ယနေ့ပွဲစဉ်၌ တော့တင်ဟမ်ကို သရေကစားသွားနိုင်ခဲ့ရာ (၈၂)မှတ်ဖြင့် ပရီမီယာရှစ်ချန်ပီယံဆုဖလားကို ဆွတ်ခူးသွားနိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းသည် နယူးကာဆယ်ကို ရှုံးနိမ့်သွားသဖြင့် လက်ကျန်သုံးပွဲ အနိုင်ရရှိစေကာမူ အာဆင်နယ်အသင်းကို လိုက်မမီတော့ပေ။

ပွဲစဉ်(၃၅)အပြီးတွင် ဒုတိယနေရာမှ ချယ်လ်ဆီးနှင့် တတိယနေရာမှ မန်ချက်စတာယူနိုက်တက်တို့ တစ်မှတ်သာ ကွာခြားလျက်ရှိရာ ဒုတိယနေရာ အတွက် ပြိုင်ဆိုင်မှုမြင့်မားနေဆဲပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အာဆင်နယ်အသင်းအတွက် ဒုတိယဂိုးသွင်းပေးသည့် ရောဘတ် ပီးရက်စ် ဂိုးသွင်းအပြီးတွင် ကစားဖော်များဖြစ်ကြသည့် ဗီယာရာ၊ အွန်နရီ၊ အက်ရှ်လေကိုးလ်တို့နှင့်အတူ ဝမ်းသာရွှင်မြူးနေကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အဆင့်မြင့်တန်းအမှတ်ပေးပြိုင်ပွဲပြန်လည်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ဧပြီ ၉ ရက် ပွဲစဉ်များအပြီးတွင် ရပ်ထားခဲ့ရာမှ ဧပြီ ၂၆ရက် (ယနေ့) ညနေ၄နာရီတွင် ပြန်လင်စတင်ကျင်းပမည် ဖြစ်သည်။

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားကို ရေးဆွဲထုတ်ပြန်ထားရာ ဧပြီ ၂၆ ရက်တွင် သုဝဏ္ဏကွင်း၌ တပ်မတော် (ကြည်း) နှင့် လယ်/ဆည်၊ အောင်ဆန်းကွင်း၌ ဘဏ္ဍာ/အခွန်နှင့် ပို့ဆောင်ရေး၊ ဧပြီ ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ မြို့တော်စည်ပင်နှင့် ကာကွယ်ရေး၊ အောင်ဆန်းကွင်း၌ တံခွန်နှင့် စီးပွား/ကူးသန်း၊ ဧပြီ ၂၈ ရက်တွင် သုဝဏ္ဏကွင်း၌ စွမ်းအင်နှင့် သတ္တုတွင်း၊ အောင်ဆန်းကွင်း၌ ပြည်ထဲရေးနှင့် မလိခ၊ ဧပြီ ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ သစ်တောရေးရာနှင့်လျှပ်စစ်စွမ်းအား၊အောင်ဆန်းကွင်း၌ ပတ္တမြားနဂါးနှင့်လယ်/ဆည်၊ ဧပြီ ၃၀ ရက်တွင် အောင်ဆန်းကွင်း၌ ဆောက်လုပ်ရေးနှင့်တပ်မတော်(ကြည်း)၊ သုဝဏ္ဏကွင်း၌ ဘဏ္ဍာ/အခွန်နှင့် မြို့တော်စည်ပင်၊ မေ ၄ ရက်တွင် အောင်ဆန်းကွင်း၌ ပို့ဆောင်ရေးနှင့် စီးပွား/ကူးသန်း၊ သုဝဏ္ဏကွင်း၌ ကာကွယ်ရေးနှင့် သတ္တုတွင်း၊ မေ ၅ ရက်တွင် အောင်ဆန်းကွင်း၌ မလိခနှင့် တံခွန်၊ သုဝဏ္ဏကွင်း၌ လျှပ်စစ်စွမ်းအားနှင့်စွမ်းအင်၊ မေ ၆ ရက်တွင် အောင်ဆန်းကွင်း၌ လယ်/ဆည်နှင့် ပြည်ထဲရေး၊သုဝဏ္ဏကွင်း၌ တပ်မတော်(ကြည်း)နှင့် သစ်တောရေးရာ၊ မေ ၇ ရက်တွင် အောင်ဆန်းကွင်း၌ ပတ္တမြားနဂါးနှင့် ဆောက်လုပ်ရေး၊ သုဝဏ္ဏကွင်း၌ ဘဏ္ဍာ/အခွန်နှင့်စီးပွား/ကူးသန်း၊ မေ ၈ ရက်တွင် အောင်ဆန်းကွင်း၌ မြို့တော်စည်ပင်နှင့် သတ္တုတွင်း၊ မေ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ မလိခနှင့် ပို့ဆောင်ရေး၊ အောင်ဆန်းကွင်း၌ လျှပ်စစ်စွမ်းအားနှင့် ကာကွယ်ရေး၊ မေ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ လယ်/ဆည်နှင့်တံခွန်၊ အောင်ဆန်းကွင်း၌ တပ်မတော်(ကြည်း)နှင့် လယ်/ဆည်၊ မေ ၁၂ရက်တွင် သုဝဏ္ဏကွင်း၌ ပြည်ထဲရေးနှင့်ဆောက်လုပ်ရေး၊ အောင်ဆန်းကွင်း၌ သစ်တောရေးရာနှင့် ပတ္တမြားနဂါးတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲဆက်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ (၁၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းစားပွဲတင်တင်းနစ် ပြိုင်ပွဲများကို ဧပြီ ၂၂ ရက်မှ ၂၈ရက် အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံတွင် ဆက်လက် ကျင်းပလျက်ရှိရာ ပြည်နယ်နှင့်တိုင်းများဖြစ်သည့် မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်(အရှေ့ပိုင်း)၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း စုစုပေါင်း ၁၁ သင်းမှ ပြိုင်ပွဲဝင်အားကစားမောင်မယ် ၈၂ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင်အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများပါဝင်ကြသည့် ပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကြိုတင်ကာကွယ် မီးအန္တရာယ်

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ကဆုန်လဆန်း ၈ ရက် (ဥပုသ်နေ့)
၂၆–၄–၂၀၀၄(တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	ရုပ်သေးပြိုင်ပွဲ
၈:၂၀	၈။	ဟင်းရွက်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Demonstration Exercises for Correct Pronunciation
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၄၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၇:၅၀	၉။	ဒါးကတံတား(ဧရာဝတီတိုင်း)
၁၈:၀၀	၁၀။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၁၀	၁၁။	ဖွံ့ဖြိုးသာယာ မင်းကုန်းကျေးရွာ
၁၈:၂၀	၁၂။	Discovery
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၂၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၃၅	၁၇။	ရှေးဟောင်းသမိုင်းဝင် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၂၆)
	၂၂။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၅

၂၀၀၄ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားပြိုင်ကွင်းတွင်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်ကြည့်ရှုအားပေးချီးမြှင့်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲ အခမ်းအနားသို့ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြန်မာနိုင်ငံတင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ အဖွင့် အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဥက္ကဋ္ဌဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ **(အပေါ်ပုံ)**

ထို့နောက် အထက(၄) တာမွေမြို့နယ် ဘင်ခရာအဖွဲ့အား အဖွဲ့ချုပ်ဥက္ကဋ္ဌက ဂုဏ်ပြုငွေ ကျပ်ငါးသောင်းချီးမြှင့်ပေးအပ်ပြီး ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပရာ အမျိုးသားအကြီးတန်းပြိုင်ပွဲတွင် ကလပ်အသင်းများမှ (က)အဆင့် ရှစ်သင်း၊ တစ်သင်းလျှင် ခုနစ်ဦး ပါဝင်ခွင့်ရှိပြီး စုစုပေါင်း ၅၆ဦး၊ (ခ) အဆင့်ငါးသင်း တစ်သင်းလျှင် ငါးဦး ပါဝင်ခွင့်ရှိပြီး စုစုပေါင်း ၂၅ ဦး၊ သက်တန်းအလိုက် လူငယ်တင်းနစ် မောင်မယ် ၁၀၉ ဦး၊ စုစုပေါင်း ၁၉၀ ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဧပြီ ၂၅ ရက်မှ မေ ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဓမ္မသာကစ္ဆာအဖွဲ့ချုပ် စာအောင်ဆုနှင်းသဘင်ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ရွှေတိဂုံစေတီတော်(စနေထောင့်) နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် အဖွဲ့ချုပ် ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံကျောင်းတိုက်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာ ဘိဝံသ၏ ဂုဏဝိသိဋ္ဌ ပူဇာသဘင် အခမ်းအနား၊ အဘိဓမ္မာ ဝိသုဒ္ဓမဂ် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက် မာလာမြိုင်လမ်း နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အောင်မြေဘုံစံ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြသည်။ ဆက်လက်၍ အဆိုတော် ဦးထွန်းရွှေက ရတုပိုဒ်စုံဖြင့် သီကျူးပူဇော်ကာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်ကြည်က ကျေးဇူးတင်စကားလျှောက်ထား၍ သက်န်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဖက်ပင်အိုင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာဘိဝံသက ရေစက်ချတရားချီးမြှင့်တော်မူသည်။ ယနေ့ဆုနှင်းသဘင်တွင် ဝိသုဒ္ဓမဂ် စာမေးပွဲတွင် သာကစ္ဆာ ဝိသုဒ္ဓိမဂ္ဂ သီဂီဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသော ဒေါက်တာယုဇနစောမြင့်အပါအဝင် စာဖြေပုဂ္ဂိုလ် ၈၆ဦးတို့အား စာအောင်ဆုများအသီးသီးချီးမြှင့်ကြောင်း သိရသည်။ (က-ပ)

အဘိဓမ္မာသင်တန်း မယ်လမုစေတီ၌ဖွင့်မည်

ရန်ကုန် ဧပြီ ၂၅

ဆုတောင်းပြည့်မယ်လမုစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ အဘိဓမ္မာသင်တန်းကို (၁၃၆၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) မေ ၉ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေ မွန်းလွဲ ၁၂နာရီခွဲမှ ညနေ ၄နာရီခွဲအထိ စေတီတော်အတွင်း ဓမ္မာရုံတွင် ဓမ္မဒါနအဖြစ် ပို့ချပေးမည်ဖြစ်ရာ ရဟန်း၊ ရှင်၊ လူ မည်သူမဆို တက်ရောက် သင်ကြားနိုင်ပြီး ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၁၂၈၅ သို့ ကြိုတင်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၅

ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ၏ ပထမအကြိမ်အာစရိယပူဇော်ပွဲကို ဧပြီ ၂၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အမျိုးသားပြန်လည်သန်စွမ်းသူများဆေးရုံ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသောမသန်စွမ်းသူများနှင့် စေတနာရှင်များသည် ဒေါ်ထားထားမွန် ဖုန်း-၆၆၀၈၉၈၊ ဒေါက်တာအေးကို ဖုန်း-၇၂၄၀၉၃၊ ဦးအေးကိုကို ဖုန်း-၂၂၇၇၃၄၊ ဦးဘရင်အေး ဖုန်း-၆၃၆၂၄၆နှင့် ဒေါ်မြင့်မြင့်စိန် ဖုန်း-၅၁၁၅၁၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၃၅၂)

OD Tour အဆင့်မြင့် ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်
(၁)မန္တလေး၊ မုံရွာ၊ ဆယ်ဝေ၊ ရွှေဘိုး April 30
(၂)တောင်ကြီးခရီးစဉ် April 30
(၃)တမ်းမြေများနှင့် ရခိုင်ခရီး By Flight..
(၄)မန္တလေး၊ စစ်ကိုင်း၊ မြင်ခြင်ဦးလွှင် May 12/13
OD Style
No.52 ...

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မဇ္ဈိမလမ်းမကြီး၊ အမှတ် ၂၁၈ နေ (ဗိုလ်မှူးသိန်းဆိုင်)-ဒေါ်ကြည်ကြည်ဆိုင်တို့၏မြေး
ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး
ဒုတိယဗိုလ်မှူးကြီးတင်ထွန်း-ဒေါ်ခင်နွယ်အေးတို့၏သားကြီး

မောင်သီဟဝင်းမော် (ခ) ဘုန်းနိုင် B.Sc(Maths),Qualified

အေးငြိမ်းချမ်းသာမင်္ဂလာဝန်ဆောင်မှုလုပ်ငန်း၊ အေးငြိမ်းချမ်းသာထီဂေဟာနှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ စံပယ်လမ်း၊ အမှတ်(၆) နေ
ဦးကျော်ညွန့် (မန်နေဂျင်းဒါရိုက်တာ၊ ပြည့်စုံညွန့်ကုမ္ပဏီလီမိတက်နှင့်
အဏ္ဏဝါရှစ်ပင်းကုမ္ပဏီလီမိတက်)-ဒေါ်သန်းမြင့်
တို့၏သမီးငယ်

မစုနန္ဒာကျော် (ခ) ဝိုင်းဝိုင်း

B.Sc(Maths),Diploma in Business Studies

ဒါရိုက်တာ၊ ပြည့်စုံညွန့်ကုမ္ပဏီလီမိတက်

တို့၏ ၂၅-၄-၂၀၀၄ ရက်တွင် Traders Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ အောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ၂၅-၄-၂၀၀၄ ရက် နံနက်ပိုင်း Traders Hotel တွင် စုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်၊ မြန်မာ့ထုံးတမ်းအစဉ်အလာနှင့်အညီ မင်္ဂလာဩဝါဒချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဝေလင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသော အေဝမ်းဦးစိုးမြင့်နှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်၊ ဆံပင်နှင့် မင်္ဂလာဝတ်စုံအလှဆင်ပြုပြင်ဖန်တီးပေးသော ခင်စန်းဝင်းနှင့် အဖွဲ့အားလည်းကောင်း၊ သတို့သားအရန် မောင်မျိုးညွန့်ဦး၊ မောင်ဇော်လင်းထင်၊ သတို့သမီးအရန် မထွန်းစန္ဒာထွန်း၊ မငုံပွင့်မွှေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခိုင်ခိုင်ထွန်း၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မလဲ့လဲ့ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့၊ မြဝတီရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့၊ ရပ်နီးရပ်ဝေးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သောဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

မောင်သီဟဝင်းမော်-မစုနန္ဒာကျော်။



U Aung Naing (LCCI)
L.C.C.I Level 1, 2 & 3
စာရင်းကိုင် Diploma သင်တန်း
အမှတ် (၂၆၈) ဒု-ထပ်၊ ပန်းဆိုးတန်း (ထက်)
နံ့ကျော်တံတားထိပ်၊ ကျောက်တံတားမြို့နယ်။
Ph : 721143, 09 5020528
5.6.04 (Sat)



မဟာသကြိန် အထူးတရားစခန်းအောင်ပွဲကျင်းပ

မန္တလေး ဧပြီ ၂၃

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ ရိပ်သာ ဖားအောက်တောရရိပ်သာခွဲ (မန္တလေး) မဟာသကြိန်အထူး တရားစခန်း ကျင်းပပြီးစီးမှုအောင်ပွဲ အခမ်းအနားကို ဧပြီ၁၇ရက် မွန်းတည့်၁၂ နာရီတွင် မန္တလေးတောင်ခြေ ဖားအောက်တောရ ကမ္မဋ္ဌာန်းကျောင်း၌ ကျင်းပရာ နာယကဆရာတော် ဘဒ္ဒန္တကေသရိန္ဒ အမှူးပြုသောသံဃာတော်များ၊ သီလရှင်များနှင့် ယောဂီ ၇၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များက သင်္ကန်းများဆက်ကပ်လှူဒါန်းပြီး ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမျိုးအောင်က ဘဏ္ဍာရေးအခြေအနေများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်စန်းရီက အထူးတရားစခန်း အောင်မြင်စွာ ကျင်းပပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နာယကဆရာတော်က ၁၃၆၆ခု နှစ်သစ်မင်္ဂလာဩဝါဒ ကထာနှင့် ရေစက်ချအနုမောဒနာ တရားဟောကြားချီးမြှင့်ပြီး အလှူရှင်များက ရေစက်သွန်းချ အမျှပေးဝေသည်။ ဖားအောက်တောရရိပ်သာ မဟာသကြိန်အထူးတရားစခန်းကို ဧပြီ၈ရက်မှ ၁၇ရက်အထိ ၁၀ရက်ကြာ ကျင်းပခဲ့သည်။ အထူးတရားစခန်း ပြီးဆုံးသော်လည်း တရားစခန်းကို နေ့စဉ်ဖွင့်လှစ်ထားမည်ဖြစ်ရာ တရားဘာဝနာရှုပွားအားထုတ်လိုသူများ လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (၃၁၃)

ဒဂုံမြို့သစ်(မြောက်ပိုင်း)ပြည်ကြီးချမ်းသာ မဟာစေတီတော်မြတ်ကြီးတွင် ဒုတိယအကြိမ်မြောက် မဟာဒုက် ၁၁ဆူ မဲဖောက်လှူဒါန်းပွဲတွင် ကံထူးရှင်တစ်ဦးအား အေးမြချမ်းသာ မဟာစည်ဆရာတော်က ဧပြီ ၁၁ရက်က ဘုရားမဲတစ်ဆူ ချီးမြှင့်စဉ်။ (က–ပ)

ပေါင်းတည်လောကရံသီစေတီဗုဒ္ဓပူဇနိယ ထီးတော်တင်လှူ

ပေါင်းတည် ဧပြီ ၂၀

ပေါင်းတည်မြို့အနောက် ညောင်ကပ်ပင်အုတ်စု–ပေါက်မော်ကျေးရွာ အထက်ကျောင်းပရဝဏ်ရှိ သမိုင်းဝင် လောကရံသီ စေတီတော် ဗုဒ္ဓပူဇနိယ ထီးတော်တင်လှူပွဲကို မတ် ၁၅ရက်က ကျင်းပသည်။

တင်လှူပူဇော်

ဘဒ္ဒန္တသာသန ရွှေတောင်လေသာကျောင်း ဆရာတော်နှင့် နာယက ဆရာတော်များ၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ ဆရာတော်ထံ ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ဆက်ကပ်ပြီး ပေါင်းတည်မြို့ အရှေ့လမ်း ဦးမြဒင်–ဒေါ်စိန်ပုတို့အား ရည်စူး၍ သားသမီးများဖြစ်သော အလှူရှင် ဦးတိုး–ဒေါ်သန်းကြည်၊ သမီး မာမာသန်းနှင့် မောင်နှမများ၊ ထီးတော်ကြီးနှင့် အရံစေတီတော်အလှူရှင်များက တင်လှူပူဇော်ကြသည်။

ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ အရံစေတီတော်နှင့် တံခွန်တိုင်များကို စုပေါင်းလှူဒါန်းရာ ကျပ်သိန်း ၂၀ဖြစ်ပြီး ကျေးရွာ ၁၁ရွာမှအလှူရှင်များပါ သဒ္ဓါကြည်ညိုပူဇော်ကြကြောင်း သိရသည်။

(၃၃၁)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများဖိတ်ခေါ်

ရန်ကုန် ဧပြီ ၂၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများကို ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ–

(၁) မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက် ဆောင်ပုဒ်များမှာ–
- **(က) ‘မူးယစ်ဆန့်ကျင်အောင်ပွဲဆင်’**
- **(ခ) ‘စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက်အောင်ပွဲဆက်’**
- **(ဂ) ‘ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ’** (Treatment Works) တို့ဖြစ်ပါသည်။

(၂) **ဝတ္ထုတိုပြိုင်ပွဲ**ကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀ မှ ၅၀၀၀အတွင်း ဖြစ်သည်။

(၃) **ဆောင်းပါးပြိုင်ပွဲ**ကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူတစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှ ၃၀၀ မှ ၅၀၀၀အတွင်း ဖြစ်သည်။

(၄) **တေးသီချင်းပြိုင်ပွဲ**ကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း၊ သို့မဟုတ်အဖွဲ့နှင့်သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ကိုယ်ပိုင်သံစဉ်တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာတင်ပြပုံ ဦးတည်ချက်မှန်ကန်၍ ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့်တေးသီချင်းအား ကတ်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master ခွေနှင့်အတူ စာသားလက်နှိပ်စက်မိတ္တူ နှစ်စောင်ကို ဂီတသင်္ကေတမူရင်း တစ်ရွက်နှင့်အတူ ပေးပို့ရမည်။

(၅) **ကဗျာပြိုင်ပွဲ**ကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို လက်နှိပ်စက်ဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍မူရင်းနှင့် မိတ္တူတစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀မှ ၁၀၀အတွင်းရှိရမည်။

(၆) **ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ**နှင့်ပတ်သက်၍ အသက် ၁၀နှစ်အောက်၊ ၁၀နှစ်မှ ၁၅နှစ်အောက်၊ ၁၅နှစ်မှ ၂၀နှစ်အောက်၊ အသက် ၂၀နှစ်အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက်အထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်၊တိုင်းမူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

(၇) **ဓာတ်ပုံပြိုင်ပွဲ**ကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀×၁၄)လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည့်သည့်ကင်မရာအမျိုးအစားနှင့် မဆိုရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင်ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံမဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆုအထိသာ ခံစားခွင့်ရှိသည်။(မှတ်ချက်–ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်အား ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့အား ပူးတွဲလျက် ပေးပို့ရမည်။

(၈) **ကွန်ပျူတာ ပန်းချီပြိုင်ပွဲ** ကို ပြည်နယ်၊တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပပြုလုပ်ရမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက်(၈၊၉၊၁၀)တန်း ကျောင်းသူကျောင်းသားများပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊၆၊၇)တန်းကျောင်းသူကျောင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။
- (က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစား ဖြင့် ရေးဆွဲရန်။ (Software programme ကို Corel-draw, Photoshop, Clarif office)ကြိုက်ရာ တစ်မျိုးမျိုး ဖြင့် ရေးဆွဲနိုင်ပါသည်။)
- (ခ) ရေးဆွဲချိန် နှစ်နာရီ သတ်မှတ်ရန်၊
- (ဂ) Floppy Disc နှစ်စုံကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ (ရေးဆွဲသည့်ပုံကို ဓာတ်ပြားတစ်ချပ်တည်း၌ ထည့်သွင်းနိုင်ရန်အတွက် သိမ်းဆည်းရာတွင် Win ZIP ဖြင့် EXE ပုံစံနှင့် အကျဉ်းချုံ့၍ ပို့သင့်ပါသည်။)
- (ဃ) ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာ ပန်းချီပြိုင်ပွဲအား ကွန်ပျူတာတက္ကသိုလ်တွင် ၂၂–၅–၂၀၀၄ ရက်နေ့ ၀၉:၀၀ နာရီမှ ၁၁:၀၀နာရီအချိန်ထိ ကျင်းပပြုလုပ်သွားမည်။

(၉) **ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲ** အား ပြည်နယ်၊တိုင်းများတွင် အသက် ၁၅နှစ်အထက် အလွတ်တန်းတစ်တန်းတည်း ပြိုင်ပွဲဝင် တစ်ဦးလျှင် တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင်CD များအား ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

(၁၀) **ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲ** တို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) **ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာပြိုင်ပွဲ**ဝင်များ အနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက် စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) **ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ**အတွက် ပြည်နယ်၊တိုင်းများမှ ဝင်ရောက် ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်၊တိုင်း အလိုက်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်၊ တိုင်းများအနေဖြင့် သင့်လျော်သည့်နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) **ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ** အတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ပြတိုက်တွင် ၂၅–၅–၂၀၀၄ရက် နံနက် ၉ နာရီမှ ၁၂နာရီအထိ ကာတွန်း၊ မွန်းလွဲ ၁နာရီမှ ၄နာရီအထိ ပန်းချီနှင့် ၂၆–၅–၂၀၀၄ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ ပိုစတာလက်တွေ့ရေးဆွဲယှဉ်ပြိုင် ကြရမည်ဖြစ်သည်။

(၁၄) ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံလက်ရာများကို ဒုတိယရဲမှူးကြီးဝတင်၊ မူးယစ်ဗဟိုရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန (ဆရာစံလမ်းနှင့်စက်မှု(၁) လမ်းထောင့်)၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ပြိုင်ပွဲအလိုက်သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင်ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့်အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၅) ပြိုင်ပွဲဝင်စာမူနှင့်လက်ရာများအား မူးယစ်ဗဟိုရုံးသို့နောက် ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက်သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
- (က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၂၀–၅–၂၀၀၄ရက်နေ့အရောက်
- (ခ) တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာ ၂၅–၅–၂၀၀၄ရက် အရောက်။

(၁၆) စာမူ၊ တေးသီချင်း၊ လက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့် လက်ရာများကို ၂၀၀၄ခုနှစ် ဇွန် ၁၈ရက်တွင် ကြေညာ၍ ဆုရသူများကို ၂၀၀၄ခုနှစ် ဇွန် ၂၄ရက်တွင် ရန်ကုန်မြို့သို့ ဖိတ်ခေါ်ပြီး ၂၀၀၄ခုနှစ် ဇွန် ၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည် ဖြစ်သည်။

(၁၇) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ

ဟူ၍ပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သာမြို့နယ် ရုံးစဉ်လေးကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျပ် ၈၅၅၀၀၀ဖြင့် တူးဖော်ပြီးစီးသွားသော စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောသန်းဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၁၂)

ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြော

ရေစကြို ဧပြီ ၁၀

ရေစကြိုမြို့နယ် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၃ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ သားဖွားနှင့်မီးယပ် အထူးကုဆရာဝန် ဒေါက်တာဒေါ်စန္ဒာဝင်းက ကျန်းမာရေးဆိုင်ရာ အသိပညာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းနှင့် အဆင့်မြင့်စက်ချုပ် သင်တန်းဆင်းပွဲကို မတ် ၁၉ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမတွင်ကျင်းပရာ သင်တန်းထူးချွန်သူများကို ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးကြီးမြင့်ဦးက ဆုများပေးအပ် ချီးမြှင့်စဉ်။ (၀၆၆)

တောင်ကြီးခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်ဖွဲ့စည်း

ညောင်ရွှေ ဧပြီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်(အထက်မြန်မာနိုင်ငံ) တောင်ကြီးခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ကန်သာရပ် တောင်ကြီးခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဇောနေအိမ်တွင် မတ်၂၃ရက်နံနက်က ကျင်းပသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အခမ်းအနားကို ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမတွင် ကျင်းပရာ တောင်ကြီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးစိုးမြင့်နှင့် တောင်ကြီးခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဇောတို့က အမှာစကားပြောကြားကြပြီး ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေကျပ်တစ်သိန်းနှင့် ညောင်ရွှေမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြောင်းသိရသည်။

(၀၂၇)

အမြို့မြို့ အနယ်နယ် သတင်းများ

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သောင်ကြီး-ဒိုက်ပျက်ကျောက်ချောလမ်းအပိုင်း(၂) လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ်၂၂ ရက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးဇာနည်အောင်၊ မြို့နယ်အဖွဲ့ဝင်(၁) ဒုရဲမှူးစိန်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ဖန်းမော် ဧပြီ ၁၉

ဖန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့် ဝန်ထမ်းများ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မတ် ၂၃ရက်က သီရိရတနာဈေး ဈေးအတွင်းအပြင် ရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

အီလက်ထရွန်နစ် နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက် ထုတ်လွှင့်မည့်အစီအစဉ်

၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့) Day-3

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက် ၉း၀၀ မှ ၉း၁၀	သင်တန်းတတိယနေ့ နံနက်ပိုင်းလွှင့်ထုတ်မည့် အစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်	၁၀ မိနစ်	
၂။	၉း၁၀ မှ ၉း၄၁	-မြို့နယ်စာရင်းရုံးစစ်ဆေးချက်အစီရင်ခံစာအပေါ် အရေးယူဆောင်ရွက်ချက်များ၊	၃၁ မိနစ်	ဒေါ်သန်းသန်းမြင့်
၃။	၉း၄၁ မှ ၉း၄၆	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၄။	၉း၄၆ မှ ၁၀း၁၆	-ပညာရေးမူဝါဒနှင့်အခြေခံပညာရေး ရည်မှန်းချက်များ အပိုင်း(၁)	၃၀ မိနစ်	ဦးဘိုဝင်း DG,DEPT
၅။	၁၀း၁၆ မှ ၁၀း၂၁	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၆။	၁၀း၂၁ မှ ၁၀း၅၁	-ပညာရေးမူဝါဒနှင့်အခြေခံပညာရေး ရည်မှန်းချက်များ အပိုင်း(၂)	၃၀ မိနစ်	ဦးဘိုဝင်း DG,DEPT
၇။	၁၀း၅၁ မှ ၁၁း၀၀	-ဖျော်ဖြေရေးအစီအစဉ် ညနေပိုင်းထုတ်လွှင့်မည့် အစီအစဉ်	၉ မိနစ်	
၈။	**၁၁း၀၀ မှ ၁၃း၀၀**	**-နေ့လယ်စာ စားချိန်။**		
၉။	၁၃း၀၀ မှ ၁၃း၂၄	-ပညာရေးစီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုများ	၂၄ မိနစ်	ဦးထွန်းလှ DEPT
၁၀။	၁၃း၂၄ မှ ၁၃း၂၇	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၁။	၁၃း၂၇ မှ ၁၃း၅၇	-အိုင်တီနှင့်ပညာရေး	၃၀ မိနစ်	ဦးတင်ညို DG,DBE(1)
၁၂။	၁၃း၅၇ မှ ၁၄း၀၀	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၃။	၁၄း၀၀ မှ ၁၄း၃၀	-လူတိုင်းအတွက်ပညာရေး(EFA)	၃၀ မိနစ်	ဦးတင်ညို၊ DG,DBE(1)
၁၄။	၁၄း၃၀ မှ ၁၄း၃၃	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၅။	၁၄း၃၃ မှ ၁၄း၅၆	-ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၊ အပိုင်း(၁)	၂၃ မိနစ်	ဦးထွန်းလှ DEPT
၁၆။	၁၄း၅၆ မှ ၁၅း၀၀	ဖျော်ဖြေရေးအစီအစဉ် နောက်တစ်နေ့ထုတ်လွှင့်မည့် အစီအစဉ်	၄ မိနစ်	
၁၇။	**၁၅း၀၀**	**တတိယနေ့အစီအစဉ်ပြီး။**		

နယ်လှည့်စာကြည့်တိုက်ဖွင့်

မြင်းမူ ဧပြီ ၂၁

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ပုလဲတန်ကျေးရွာတွင် ဧပြီ ၁၀ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပရာ အထက်မြန်မာပြည် ရေနံဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ ဦးခင်မောင်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဗိုလ်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်အလှူရှင်များက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရန်အတွက် စာအုပ်များလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

မတ် ၂၁ ရက်က ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးကျော်နိုင်မိုးနှင့် တပ်ဖွဲ့ဝင်များ ပျော်ဘွယ်မြို့နယ် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း အထူးစက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၆၃၄)တွင် ဆိုင်မန်နေဂျာ ဦးမောင်မောင်၊ လက်ထောက်မန်နေဂျာ ဦးဝင်းခိုင်နှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့် ဆောင်ရွက်စဉ်။ (၂၅၀)

မြန်မာ့အသံ

၂၇-၄-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့်
ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ
(အိမ်တွင်းစက်မှုလုပ်ငန်းထုတ်
ဆေးဖက်ဝင်ပစ္စည်းများအကြောင်း)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (စိတ်ထားမြင့်မြတ်သော မြန်မာ့စရိုက်) (ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (မှန်ကြည့်တတ်ဖို့လိုသည်- ဦးလှမင်း)
၁၂း၃၀ ဇာတ်လမ်းပမာ (ညောင်ညိုပင်လမ်းခွဲမှ)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (လက်စွပ်အကြောင်း)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (ဆေးဖြစ်တဲ့အစာ)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားစိတ်ဓာတ်) (ဦးညဏ်ထွန်း-ညွှန်မှူး-အား/က)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်တမာပင်)
၁၈း၃၀ ခရီးသွားစကားဝိုင်း (မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း)

ကုန်စည်ပြပွဲများ စည်ကားစွာကျင်းပမည်

Main Sponsor

ရွှေမြစ်သုံးသမဝါယမအသင်းလီမိတက်

ZN SATELLITE GROUP, Tel: 727548

01-375822

M C C

ကွန်ပျူတာအခြေခံသင်တန်း

Software Engineering, Network Engineering, Web Developer Courses

MCSA Exam:

Office XP Course

Budget Training Program

English Foundation Course

(Social & Business English)

Basic Accounting Course

(Basic Accounting)

MCC

ATOMIC digital art

GRAPHIC DESIGN SKILLS TRAINING CENTRE

ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းကျွမ်းကျင်သင်တန်း

Design section & Design job

no.118/120 (1st floor), maharbandoola garden street (infront of maharbandoola garden), kyauktada tsp., yangon. tel: 95-1-371316, 0980-34117

(Certificate in Book-keeping and Accountancy)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၀၂) ပထမထပ်(ယာ)နေ၊ ဦးကိုကိုကြီး(ခ) ဦးဟာမက်-ဒေါ်လော်ညွှင်းလှိုင်(ခ)ဒေါ်စူးမတ်တို့၏ သမီးကြီးဖြစ်သူ မနွယ်နွယ်ဝင်း ၆/မအရ(နိုင်)၀၆၅၄၁၉ သည် မိဘဆွေမျိုးများ၏ဆိုဆုံးမမှုများကို အကြိမ်ကြိမ်လိုက်နာမှုမရှိဘဲ မိမိသဘောအတိုင်းပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေအပ်ပါသည်။

မိဘများ

ဦးကိုကိုကြီး(ခ) ဦးဟာမက်-ဒေါ်လော်ညွှင်းလှိုင်(ခ) ဒေါ်စူးမတ်

ငြင်းချက်ထုတ်ရန် သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ဘားအံမြို့၊ ကရင်ပြည်နယ်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှု အမှတ်-၁

ဦးမောင်ပု(ခ) ဦးအောင်မျှင် ၁။ ဒေါ်အုံးကျင်(ခ) ဒေါ်ညီမ လိပ်စာတူ
အမှတ် -၄၈၊ သစ္စာလမ်း၊ ၂။ ဦးညွန့်ရင် (ခ) ဦးစိုးနိုင်
အမှတ် ၂ရပ်ကွက်၊ ဘားဘုကွင်း၊ လှာကာကျေးရွာအုပ်စု
ဘားအံမြို့။ နှင့် မြိုင်ကလေးကျေးရွာ၊ ဘားအံမြို့နယ်။
၃။ ဒေါ်အေးအေးခင်း
၄။ ဦးမြင့်စိုး
၅။ ကိုမြင့်နိုင် လိပ်စာတူ
၆။ ကိုအေးသန်း
၇။ ဒေါ်စန်းစန်းဝင်း
၈။ ကိုညွန့်ဟန်
၉။ ဒေါ်နုနုရီ
အ မ ၂ တ ၄
၁၁၊ဈေးတန်းလမ်း၊အမှတ်(၂)ရပ်ကွက်၊
ဘားအံမြို့
၁၀။ ကိုအောင်မြင့် ၊မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

တရားလို
တရားပြိုင်

အထက်ပါအမှုမှ တရားပြိုင်အမှတ်(၄)ဖြစ်သူ ဦးမြင့်စိုး၊ အမှတ်(၁၁)၊ ဈေးတန်းလမ်း၊ အမှတ် (၂)ရပ်ကွက်၊ ဘားအံမြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်ပု (ခ) ဦးအောင်မျှင်က " အချင်းဖြစ်မြေ၊ အိမ်နှင့်ကား (၄)စီးတို့မှာ တရာလိုတစ်ဦးတည်း ရှာဖွေရရှိသည့်ငွေဖြင့် ဝယ်ယူထားသော ပစ္စည်းများဖြစ်ကြောင်း၊ အချင်းဖြစ်မြေကွက်မှာလည်း တရားလို၏ ဖခင်အမည်ထား၍ (ဘီနာမီ)တရားလိုပိုင်ငွေဖြင့်ဝယ်ယူသောတရားလိုပိုင်မြေဖြစ်ကြောင်းနှင့် တရားလို၏မိဘတို့ကျန်ရစ်သောအမွေပုံပစ္စည်းများ မဟုတ်ကြောင်း၊ မြွက်ဟဒီကရီသက်သက် ကြေညာပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊၂၀၀၄ခုနှစ် မေလ ၇ရက် (၁၃၆၅ခုနှစ် ကဆုန်လဆုတ် ၄ရက်) နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာ ရောက်ရမည်။ ၎င်းပြင် သင်သိစေရမည် မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Nissan Civilian ၆ခ/.........Ed 35, 96 Model
အမည်ပေါက် 500875, 500325

ENGLISH (U.M.N)

Diamond City

စိန်လက်ဝတ်ရတနာ ငှားရမ်းခြင်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ် စမဒ-၂၀၂/၂၀၀၃မှာ ပျောက်ဆုံး သွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။

အောင်သိုက်၊ ဖုန်း-၇၀၀၁၈၃

အမည်ပြောင်း

အဖဦးဝင်းတင်၏သမီး မင်္ဂလာဒုံ အထက(၂) စတုတ္ထတန်း B မှ မဆုနန္ဒာဝင်းအား မဒေဝီခင်ဟု ပြောင်းလဲခေါ်ပါရန်။

မဒေဝီခင်။

ဆန်စက်ရောင်းမည်

လက်ရှိအသုံးပြုဆဲ

တစ်ရက်လျှင် ၃၅ တန်ကျဘွိုင်လာ ဆန်စက်
ဆက်သွယ်ရန်ဖုန်း-၅၂၆၀၅၇
ရုံးချိန် နံနက် ၉:၀၀နာရီမှ ညနေ ၅:၀၀ နာရီအတွင်း၊

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ဗိုလ်ချုပ်လမ်း၊ အိုးအိမ်ရုံးချုပ်အနီး ပေ ၃၀xပေ ၆၀၊ မြေညီ၊ ထပ်ခိုးပါ၊ ဖုန်း၊ ရေ၊ မီး ၂၄ နာရီ။

၂။ ဘုရင့်နောင်၊ သစ်တောဦးစီးအနီး၊ ပေ ၆၀xပေ ၈၀၊ ထောင့်ကွက်၊ နှစ်ထပ်တိုက်၊ စက်ရေတွင်း၊ ပါဝါမီတာ၊ ဖုန်း။

ဆက်သွယ်ရန်-ဖုန်း-၅၀၃၀၉၆၊ ၅၀၃၁၈၄

ရောင်းရန်(ညှိနှိုင်းဈေး)

လှိုင်သာယာစက်မှုဇုန်(၅)၊
အကွက်အမှတ် ၈၈၊
ပေ ၁၁၀x၁၄၂ ပေ
ဆက်သွယ်ရန်-
ဦးကံဌေး၊ ဦးလှပို
၀၉၉၀-၆၁၁၃၆
၀၉၉၀-၆၀၀၉၄
၀၉၉၀-၆၀၃၉၇
ပွဲစားမလိုပါ။

ခွေးရောင်းရန်

တယ်ရီယာသားပေါက်
ရောင်းရန်ရှိသည်။
ဖုန်း-၅၇၉၄၇၉
(တိုက်အမှတ်၁၃၀/၇)
ရန်ကင်း။

Sales & Marketing
On Call Guide
Driver
Manager
Assistant Accountant

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သမီးဖြစ်သူ မတင်ညီညီထွန်း ၁၂/ဒဂမ(နိုင်) ၀၀၃၆၄၆ သည် မိခင်နှင့်အစ်ကိုများ၏ ဆိုဆုံးမမှုများကို မနာခံဘဲမိမိသဘောအတိုင်း ပြုလုပ်သွားပါသဖြင့်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်စိုးမြင့်။

မြိတ်အသင်း

ဦးမောင်ကြည်(ခ)ဦးခီးယာ

(မြိတ်) အသက်(၈၁)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ သုဓွေးလမ်း၊ အမှတ် ၁၂ (လေးလွှာ)နေ ဒေါ်သိန်း၏ခင်ပွန်း ဦးမောင်ကြည်(ခ) ဦးခီးယာ (ရာသက်ပန်အသင်းဝင်အမှတ်-၁၆၄၀) သည် ၂၂-၄-၂၀၀၄ ရက် မွန်းလွဲ၁၂:၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယိကာမကြီး

ဒေါ်လှမြင့် (ဒီပဲယင်း)

အသက်(၇၀)

ဒီပဲယင်းမြို့နယ်၊ မရကန်ရွာ (ဦးအောင်ချစ် - ဒေါ်အေးတင်)တို့၏ သမီး၊ (ဦးဘသိန်း)-ဒေါ်အေးခင်၏ တူမ၊ ဦးကြည်စိန်၏နှမ၊ (ဒေါ်လှနွဲ့)၏ အစ်မ၊ (ဦးတင်ဆောင်)၏ဇနီး၊ ဦးမြင့်မောင်-ဒေါ်ငွေစိန်၏အစ်မ၊ ဦးဝင်းအောင်-ဒေါ်မြမြဝင်း၊ ဒေါ်မြမြနှင်း (အမက ကျောင်းအုပ်)၊ တပ်ကြပ်ကြီးစာရေး လှမြင့်(မှတ်တမ်းရုံး)-ဒေါ်ခင်ခင်ကြီး (ဦးစီးအရာရှိ၊ ရေကြောင်းဦးစီးဌာန)၊ ဦးကျော်အေး၊ ဦးအောင်မျိုးညွန့် (မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်ခင်လေး၊ ဒေါ်မြမြဌေး၊ ဦးဇော်မိုး(မိုင်းလားသဘော်၊ မြန်မာ့ကြယ်ငါးပွင့်)၊ ဦးကျော်မိုး(ရေကြောင်းဦးစီးဌာန)တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ အဘွားသည် ၂၂-၄-၂၀၀၄ရက် ည ၁၁:၃၀ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမှတ်(၅၄) ရပ်ကွက်၊ ဖွဲကပင် ၃ လမ်း၊ အမှတ် ၅၉၂/က တွင် ကွယ်လွန်ခဲ့ပါသဖြင့် ၂၃-၄-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကညွတ်ကွင်းမြို့ ဈေးတောင် ၃ လမ်းနေ
ဦးချင်ဖြောင်း-ဒေါ်ရတ်ထွေးတို့၏စတုတ္ထသား
မန္တလေးမြို့၊ ၁၅လမ်း၊ ၈၁-၈၂လမ်းကြားနေ

မောင်စန်းဝင်း A.G.T.I, B.E(Electrical)

နှင့်

ပျဉ်းမနားမြို့၊ ဗိုလ်တောက်ထိန်လမ်း၊အမှတ် ၁၇၃နေ
ဒေါက်တာမင်းညို-ဒေါက်တာစိမ်းစိမ်းမင်း(မေခလာဆေးကုခန်း)
တို့၏သမီးဦး

မမေသူမင်းညို B.A(English)

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ ၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) တွင် Traders Hotel ပုဂံခန်းမ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စန်းဝင်း-မမေသူမင်းညို။



ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရင်းစစ်ချုပ်ရုံး
လျှောက်လွှာခေါ်ယူခြင်း

၁။ စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်/တိုင်း/ခရိုင် မြို့နယ်စာရင်းရုံးအသီးသီးတွင် လစာနှုန်းကျပ် ၄၈၀၀-၁၀၀-၅၃၀၀ ရရှိသော စာရင်းစစ်ရာထူးနေရာများအတွက် လျှောက်လွှာများခေါ်ယူပါသည်။

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) စီးပွားရေးတက္ကသိုလ်များမှ ပေးအပ်သည့် Bechlor of Commerce (သို့မဟုတ်) Bechlor of Accounting (သို့မဟုတ်) မြန်မာနိုင်ငံစာရင်းကောင်စီက ပေးအပ်သည့် Diploma in Accounting ဘွဲ့/လက်မှတ်ရရှိသူဖြစ်ရမည်။
(ဂ) ၂၀၀၄ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ဝန်ထမ်းမဟုတ်ပါက အသက် ၃၀ နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက ၃၅ နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဃ) မိမိလျှောက်ထားချက်အရ ခန့်အပ်ခံရသည့်ရုံးတွင် အနည်းဆုံး (၅)နှစ် မပြောင်းမရွှေ့ တာဝန်ထမ်းဆောင်နိုင်ကြောင်း ခံဝန်ချက်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို စာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ(ဝန်ထမ်း-၁)ဌာနစုနှင့် ပြည်နယ်/တိုင်း စာရင်းရုံးများတွင် ဝယ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်၊ အခြေခံပညာ အထက်တန်း အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၏ ထောက်ခံစာမူရင်း၊
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ပြန်တမ်းဝင် အရာရှိတစ်ဦး၏ ထောက်ခံစာမူရင်း၊
(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံစာမူရင်း၊
(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (ဝန်ထမ်းမဟုတ်သူများ)၊

၅။ ဦးစားပေးအစီအစဉ်အရ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်စာရင်းရုံးသို့ လျှောက်ထားသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာပြည်နယ်/တိုင်း စာရင်းစစ်အရာရှိထံ လိပ်မူ၍ ၁၄-၅-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ ထိုသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးမှုကို ပြည်နယ်/တိုင်း စာရင်းရုံးများတွင် ပြုလုပ်မည်ဖြစ်သည်။ စာရင်းစစ်ချုပ်ရုံးသို့ လျှောက်ထားသူများသည် လျှောက်လွှာများကို စာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ (ဝန်ထမ်း-၁)ဌာနစုသို့ ၁၄-၅-၂၀၀၄ ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ ထိုသို့လျှောက်ထားသူများအား လူတွေ့စစ်ဆေးမှုကို စာရင်းစစ်ချုပ်ရုံးတွင် ပြုလုပ်မည်ဖြစ်သည်။

၆။ ဝန်ထမ်းဖြစ်လျှင်-
လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာမှ တစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက် ရယူပေးပို့ရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ပြည်နယ်နှင့် တိုင်းအချို့ရှိ စာရင်းရုံး ၁၀၈ ရုံးတွင် ဒေသခံအခြားဘွဲ့ရများအား စိစစ်ခန့်ထားရန် သီးခြားအစီအစဉ်ရှိပါသည်။ ဆိုင်ရာပြည်နယ်/တိုင်းစာရင်းရုံးများတွင် စုံစမ်းနိုင်ပါသည်။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၂ဝိုင်-၂(ယခင် မြေတိုင်းရပ်ကွက်အမှတ်-ဝိုင်-၂)၊ မြေကွက်အမှတ်-၃၁၈၊ အကျယ်အဝန်း(၂၅ပေ X ပေ ၅၀) ရှိသော နှစ် ၉၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ် အဆောက်အအုံ အပါအဝင် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးသန်းရွှေ (၁၂/လမတ(နိုင်)၀၁၁၅၂၅)၊ ဦးဝမ်းဖေ(၁၂/တမန(နိုင်)၀၀၅၇၉၉)၊ ဦးအေးသန်း(၁၂/တမန(နိုင်) ၀၄၂၄၅၅)၊ ဦးဖေမောင်သန့် (၁၂/လမတ(နိုင်) ၀၃၂၁၃၉)၊ ဒေါ်ခင်လေးရီ (၁၂/လမန(နိုင်) ၀၉၉၀၂၆၊ ဒေါ်ခင်စိုးမူ (၁၂/လမတ(နိုင်) ၀၀၅၉၃၇)၊ ဦးဌေးလွင်(၁၂/လမတ(နိုင်) ၀၃၃၆၂၀ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
ဥပဒေအကျိုးဆောင်
B.A, HGP, CBL, DBL, DML
အမှတ်-၈၆/၈၈၊ အခန်း (၂၀) ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၉၉ ၂၅၇၃၆

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ဘားအံမြို့၊ နောင်လုံကျေးရွာနေ
ဦးကျော်တင့်-ဒေါ်မြအေး တို့၏သား

စောချမ်းနွဲ့

နှင့်

ဘားအံမြို့၊ ရဲဘော်ဈေးရပ်ကွက်၊ ဝန်ထမ်းအိမ်ရာနေ
ဦးဝင်းထွဋ်-ဒေါ်နော်ပုလဲစေး တို့၏သမီး

နော်မင်းမင်းထွဋ်

တို့သည် ၂၄-၄-၂၀၀၄ ရက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စောချမ်းနွဲ့-နော်မင်းမင်းထွဋ်။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ်-၃၆

ဦးပု(ခ)ဦးမျိုးဝင်း	**နှင့်**	၁။ ဒေါ်အမာ ၂။ ဦးစံတင် ဦးခင်ဇော်	၎င်းတို့၏အခွင့်ရကိုယ်စားလှယ်
		၃။ ဦးစိန်မောင်(ကွယ်လွန်) ဒေါ်အေးသန်း(ကွယ်လွန်သူ၏ဇနီး) ၄။ ဦးစိန်ကြည် ၅။ ဒေါ်လှသိန်း(ကွယ်လွန်သူ ဦးအောင်ခင်၏ တရားဝင်ကိုယ်စားလှယ်)	
(တရားနိုင်)		**(တရားရှုံးများ)**	

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၀၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၁၅၂တွင် ရရှိသည့် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ၂၀၀၄ ခုနှစ် မေလ ၂၆ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဝယ်ယူသူက ငွေ၁၀၀ိ/-လျှင် ၂၅ိ/-ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြည်လည်လေလံတင်ရောင်းချရလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည်ရောင်းချသည့် အရာရှိကသတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့ထိ ရုံးပိတ်ရက်ဖြစ်၍ ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် အာသောကလမ်း ဒေါ်နှင်းကြည်အမည်ပေါက် နှစ် ၆၀ ဂရမ်မြေကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ အေ ၉၂၊ မြေကွက်အမှတ် ၄၃ ဟု ခေါ်တွင်သော ၃၃ ပေ X ပေ ၆၀ အကျယ်ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အမှတ် ၄၉ အာသောကလမ်း နတ်ချောင်းရပ်ကွက် တာမွေမြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်တိုက်ခံအိမ်တစ်လုံး။

၂။ လေလံတင်ရောင်းချမည့်နေအိမ်တွင် တရားရှုံး ဒေါ်အမာမိသားစု၊ တရားရှုံး ဦးစံတင်နှင့် တရားရှုံးဦးစိန်မောင်(ကွယ်လွန်)၏မိသားစုများ နေထိုင်လျက်ရှိသည်။

၃။ ကြမ်းခင်းဈေးကျပ်သိန်း ၂၅၀ (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ) သတ်မှတ်သည်။

၂၀၀၄ ခုနှစ် ဧပြီ ၁ ရက် နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကို ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးမျိုးတင့် B.A(Law),LL.B
တ/၁၇၁၃
ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါ်လှကြည်
မြန်မာနိုင်ငံဆရာဝန်အသင်း(ယခင်ဥက္ကဋ္ဌ၊ ၁၉၇၅-၁၉၇၆)

ပါမောက္ခ ဒေါ်လှကြည်(သားဖွား/မီးယပ်)၊ အသက်(၈၁)နှစ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ယခင်ဥက္ကဋ္ဌ၊ ၁၉၇၅-၁၉၇၆)သည် ၁၁-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)



ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ညွန့်ရီ
ကျေးတောရွာ၊ တောင်ငူမြို့
အသက်(၆၈)နှစ်

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန သဘော်သား အလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်၏မိခင် ဒေါ်ညွန့်ရီသည် ၁၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်ကြည်(ခ)ဦးခီးယာ အသက်(၈၁)နှစ်

စက်ရုံမှူး ဦးသက်ထွေး(ယုဇန)၏ဖခင် ဦးမောင်ကြည်(ခ)ဦးခီးယာသည် ၂၂-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းမိသားစု
ရွှေလင်ဗန်းပဲပိစပ်ဆီသန့်စက်ရုံ။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဦးခင်မောင်မြင့်
ဒုဦးစီးမှူး
စက်မှုလယ်ယာဦးစီးဌာန
ပွင့်ဖြူမြို့
အသက်(၅၇)နှစ်

မကွေးတိုင်း ပွင့်ဖြူမြို့နယ် အနောက်ကိုင်းကျေးရွာနေ ဦးကြည်စိန်-ဒေါ်မြကြည်တို့၏သား ဦးဝဲကျော်-ဒေါ်သန့်တို့၏ သားသမက်၊ ပွင့်ဖြူမြို့နယ် စံပြကျေးရွာနေ ဒေါ်သန်းနွဲ့၏ ခင်ပွန်း မသန္တာစိုး၏ ဖခင် ဦးခင်မောင်မြင့်သည် ၁၉-၄-၂၀၀၄ ရက်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ပွင့်ဖြူမြို့နယ် ကန်သာကြီးကျေးရွာ သုသာန်၌ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဝေလင်း (ထားဝယ်)
လ/ထ ညွှန်ကြားရေးမှူး
တနင်္သာရီတိုင်း သမဝါယမဦးစီးဌာန
အသက်(၅၇)နှစ်

ထားဝယ်မြို့၊ အိုးလုပ်ရပ်ကွက်၊ မင်းလမ်းအမှတ်(၉၄)နေ (ဦးကျော်စံ-ဒေါ်ထွားရင်)တို့၏သား၊ ဦးအောင်မြင့်-ဒေါ်မာဂရက်ဖိုး၊ ဦးတင်မြင့်-ဒေါ်မြအေး၊ ဦးကံမြင့်-ဒေါ်မြသန်းတို့၏ညီ၊ ဒေါ်ခင်မျိုးအိ၊ ဦးစိုးဝင်း၊ ဦးအုန်းမြင့်-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်အောင်စိုး-ဒေါ်ခင်မျိုးဆွေ တို့၏အစ်ကို၊ ဒေါ်လွှမ်းကြည်(ခ) ဒေါ်ငြိမ်းငြိမ်းမြတ်၏ခင်ပွန်း၊ ကိုဝင်းမင်းဦး၊ မဖြူဖြူသင်း၊ ကိုဇော်မင်းဦး၊ ကိုကျော်ကျော်လင်း၊ မတိုးနန္ဒာလင်းတို့၏ ဖခင်သည် ၂၄-၄-၂၀၀၄ ရက် (စနေနေ့)နံနက် ၁၀:၁၅ နာရီတွင် ရန်ကုန်မြို့ ဦးနော်က်နှင့် အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၀:၀၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၀:၀၀ နာရီ ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျောက်ဖြူမြို့နယ်အသင်း(ရန်ကုန်မြို့)

ဒေါ်ကြည်ကြည်
(အသင်းဝင်အမှတ်-၁၁၁၂)
အစိုးရအထက်တန်းရက်ကန်းကျောင်း
(ကျောင်းအုပ်၊ ငြိမ်း)
(စစ်တွေ)(ရွှေတောင်)
အသက်(၇၄)နှစ်

ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်နေ (ဦးဘထွန်း-ဒေါ်ကြိုင်ဖြူ)တို့၏ သမီး၊ ဦးအုန်းဖေ-ဒေါ်လှရီ၊ ဦးလှမြင့်-ဒေါ်တင်တင်၊ ဦးထွန်းရီ-(ဒေါ်လှတင့်) တို့၏အစ်မ၊ အမှတ် ၁၊ လေးလွှာ၊ မြို့ပတ်လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ကြည်ကြည်သည် ၂၂-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

မမေသွယ်ခိုင်(ခ)မိုနို
နဝမတန်း(အထက-၁၊ ဒဂုံ)
အသက်(၁၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၉၅၊ ၁၀၁ လမ်းနေ (ဗိုလ်ကြီးစောလှိုင်)(ငြိမ်း)-ဒေါ်ခင်အေးရီ (အထကဆရာမ၊ ငြိမ်း၊ အထက-၁၊ သန်လျင်)တို့၏မြေး၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ နိဂြောဓလမ်း၊ အမှတ် ၄၅၊ ငါးလွှာနေ ဦးအောင်စောဦး 2/0(Lister Co.)-ဒေါ်မိမိခိုင်တို့၏သမီးဦး၊ မအိသဲဖြူ (ဆဋ္ဌမတန်း၊ အထက-၁၊ ဒဂုံ)၏အစ်မ၊ ဦးအောင်သန်း၊ ဒေါ်ဥမ္မာစောဦး (ဆည်မြောင်းရုံးချုပ်)၊ (ဦးစိုးမိုးစော)၊ ဦးတင်မိုးစော-ဒေါ်တင်တင်ဝင်း (သစ်တောရုံးချုပ်)၏တူမသည် ၂၂-၄-၂၀၀၄ရက် နံနက် ၉:၃၀ နာရီတွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ(ကျွန်းစုမြို့)
ဒေါ်ငွေရှင်
အသက်(၆၅)နှစ်

ကျိုက္ခမီမြို့၊ ရွှေပိတောက်ရပ်နေ ဦးကျန်သာ–ဒေါ်အေးထိန်တို့၏ အငယ်ဆုံးသမီး၊ ကျွန်းစုမြို့၊ အမှတ် (၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီး၊ ဦးအောင်သန်းဦး–ဒေါ်အေးဝင်း၊ ဦးအောင်ကျော်မိုး–ဒေါ်စီစီသန်း၊ မောင်ကျော်မိုးထွန်းတို့၏ မိခင်၊ မြေးရစ်ယောက်တို့၏ အဘွားသည် ၂၄–၄–၂၀၀၄ ရက် ည ၈း၃၀ နာရီတွင် ကျွန်းစုမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၄–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကျွန်းစုမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးညွန့်
အသက်(၅၆)နှစ်

မုဒုံမြို့နေ (ဦးပါစိန်)–ဒေါ်ကျင်မြိုင်(ခ) ဒေါ်မဘီတို့၏သား၊ မုဒုံမြို့နေ ဒေါ်လှထားရီ၏ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဦးတင်အေး ဒေါ်ဝင်းနု၊ ရန်ကုန်မြို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်–ဒေါ်စန်းစန်းတို့၏ ညီမောင်၊ မုဒုံမြို့နေ ဦးကျော်လှိုင်–ဒေါ်ထွေးရီ တို့၏အစ်ကို၊ တောင်ကြီးမြို့နေ ဒေါက်တာမျိုးစည်သူ–မမိုးသီတာ၊ မော်လမြိုင်မြို့နေ ဒေါက်တာမျိုးကြည်ဖြူတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးဖြစ်သူဦးမျိုးညွန့် အသက်(၅၆)နှစ် (သတ္တုတွင်းဦးစီးဌာန)သည် ၂၃–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းနှင့် ၂၅–၄–၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးမျိုးမြင့်
ရေနံမီးသွေးချက်ဌာနမှူး၊ သန်လျင်ရေနံချက်စက်ရုံ
အသက်(၅၃)နှစ်

သန်လျင်မြို့နေ(ဦးသောင်းဟန်)–ဒေါ်ငြိမ်းခင်တို့၏သား၊ သန်လျင်မြို့၊ ဘုရားကုန်းကျေးရွာနေ ဦးမြအုန်း–ဒေါ်ခင်ရီတို့၏ သားသမက်၊ သန်လျင်မြို့၊ အောင်ချမ်းသာ ၁ ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၆၁၄ နေ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်း၊ မောင်အောင်မျိုးမင်း (သတင်းတပ်ဖွဲ့)၊ မောင်အောင်ပိုင်မျိုး–မဝင်းလဲ့ရည်တို့၏ဖခင်၊ မရည်မွန်အောင်၏ အဘိုးသည် ၂၄–၄–၂၀၀၄ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊မုခ်ဦး၊ နတ်လမ်း ဒါယကာကြီး
ဦးကျော်အေး(ခ) ဦးကျော်သန်း (ဓနုဖြူမြို့)
အသက်(၇၆)နှစ်

ဓနုဖြူမြို့နေ (ဦးအောင်ထွန်း–ဒေါ်ဖွားမှန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးပြေမောင်–ဒေါ်သန်းကျင်)တို့၏ သားသမက်၊ဒေါ်ခင်မြ၏ခင်ပွန်း၊ဒေါ်လှလှကြည်၊(ဦးသန့်ဇော်)ကော့သောင်းမြို့နေ ဦးဝင်းမြင့်(ရွှေဇင်ယော်ကျောင်းအုပ်ကြီး) – ဒေါ်နော်အေးအေးသန်း (ကောင်းကမ္ဘာထမင်းဆိုင်)၊ရန်ကုန်မြို့နေဦးမြင့်သန်း(ကားဘော်ဒီ)–ဒေါ်ဆွေဆွေဦး၊ ဦးဘရွှေ–ဒေါ်စိုးစိုးမာ၊ မတင်တင်အောင်၊ မောင်ကိုကိုအောင်တို့၏ ဖခင်၊မြေးကိုးယောက်တို့၏အဘိုးသည် ၂၄–၄–၂၀၀၄ရက်(စနေနေ့) နံနက် ဝဝး၅၅နာရီတွင် ကော့သောင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင်ကော့သောင်းမြို့ရွှေပြည်သာ သုသာန်တွင် သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းညွန့်
(ကျောက်တန်းမြို့)
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အမှတ် ၂၀၊ မင်းကျောင်းလမ်းနေ (ဦးကျင်ထွန်း–ဒေါ်သန်းကြည်)တို့၏သမီးသည် ၂၅–၄–၂၀၀၄ ရက် နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးစီ
အသက်(၆၇)နှစ်

အမှတ်၇၂၅၊၄ လမ်း (၁)ရပ်ကွက် သမိုင်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘမူ– ဒေါ်သန်းခင်)တို့၏သမီး၊ ရဟန်း၊ ကျောင်းဒါယကာကြီး (ဦးမောင်ခင်)၏ဇနီး၊ အင်းစိန်နေ ဦးကြီးညို–(ဒေါ်ငွေးကြည်)တို့၏ အစ်မ၊ ဦးမျိုးညွန့်–ဒေါ်တင်တင်ဝင်း၊ ဦးစိုးသိန်း–ဒေါ်တင်တင်နွဲ့၊ ဦးမျိုးဆွေ–ဒေါ်ကြည်ကြည်လှိုင်၊ ဦးတင့်လွင်–ဒေါ်ခင်ခင်နွဲ့၊ ဒေါ်တင်တင်အေး(ခ)ဒေါ်ချယ်ရီ၊ ဦးသိန်းထိုက်(ဦးစီးအရာရှိ အင်းစိန်/အားကာ)–ဒေါ်ခင်စန္ဒာဝင်း၊ ဦးအေးထွန်း–ဒေါ်ခင်လေးမြင့်တို့၏မိခင်၊ မြေး၂၂ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၄–၄–၂၀၀၄ ရက် (စနေနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေး(ခ)လင်အိုက်ငေါ်
(Boss အားကစားဝတ်စုံလုပ်ငန်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊အမှတ်(၅)ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၈၂နေ (ဦးခင်လှိုင်)၏ဇနီး၊ ဦးဝင်းကြိုင်–ဒေါ်ခင်ကျူ၊ (ဦးဝင်းကြည်)၊ ဦးဝင်းကြင်–ဒေါ်လွင်မာသင်း၊ ဦးဝင်းစိန်–ဒေါ်သန်းသန်းမြင့်၊ ဦးဝင်းမောင်– ဒေါ်စိုးစိုးခိုင် တို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည်၂၅–၄–၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်ငွေ
(ရေကြည်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ၄၈၁၊ လောပိတလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးလှငွေ၏ဇနီး၊ ကိုကျော်ရွှေ–မခင်မာမော်၊ ကိုအုန်းသိန်းတို့၏ မိခင်၊ မသင်းသင်းဦး၊ မထွေးထွေးတို့၏ အဒေါ်၊ သမီးလေး ခင်ရွှေရည်ဝင်းသန့် (ဒုတိယတန်း-A၊ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း)၏အဘွားသည် ၂၅–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ရက်နံနက် ၉ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြင်းခြံမြို့နယ်အသင်း
ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးခင်မောင်ဝင်း
အသက်(၇၀)

မြင်းခြံမြို့နယ်အသင်းဝင် ဒေါ်ဝင်းဝင်းဆွေ ၏ဖခင် မြင်းခြံမြို့နယ် အသင်းဝင် ဦးခင်မောင်ဝင်းသည် ၂၃–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။အသင်းဝင်များလိုက်ပါ ပို့ဆောင်ကြပါရန် အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ကိုရဲဝင်း
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း၊ အမှတ် ၃၁နေ ဦးဝင်းအောင်(ညွှန်ကြားရေးမှူး–ငြိမ်း)စာရင်းစစ်ချုပ်ရုံး–ဒေါ်ခင်ငွေးတို့၏ သားကြီး၊ ကိုအောင်ချို–မရွှေဇင်လှ၊ ကိုတိုးအောင်–မမြဇင်အောင်တို့၏အစ်ကိုကြီး၊ ဦးကျော်အုန်း– ဒေါ်ပြုံးရီ၊ ဦးငွေစိုး–ဒေါ်သန်းမြင့်၊ ဦးတင့်လွင်–ဒေါ်မာလာရှိန်၊ ဒေါ်ရီရီခင်၊ ဒေါ်ကြည်ကြည်တင်တို့၏တူ၊မယဉ်းမာ၏ ခင်ပွန်း၊ ပေါက်ပေါက်၏ဖခင်သည် ၂၄–၄–၂၀၀၄ရက် ညတွင်ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ရေကန်၊ဒါယိကာမကြီး
ဒေါ်လှကွန့်
ဘိုကလေး၊ ကျိုက်ပိ
အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်း၊ အိမ်အမှတ် ၉၅/စီနေ (ဦးခွေးရိုး–ဒေါ်ပိုး)တို့၏သမီး၊ (ဦးစိန်ဟုတ်)၏ဇနီး၊ (ဒေါက်တာသိန်းထွန်းကျော်)–ဒေါ်အေးစိန်၊ (ဦးလှထွန်းမော်) – ဒေါ်မြစိန်၊ ဦးသန်းစိုး–ဒေါ်မြမြသန်း၊ ဦးကျော်စိုး–ဒေါက်တာ ဒေါ်နုနုယဉ်၊ ဒေါက်တာ ကောင်းညွန့်–ဒေါ်မို့မို့စံတို့၏ မိခင်ကြီး၊ မြေး ၁၃ ယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် အထက်ပါနေအိမ်၌ ၂၅–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ ရက် နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြစံ (ကျောက်တော်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ်၃၆(ဂ)၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာနေ (ဦးစံထွန်းအောင်–ဒေါ်စိန်သာ)တို့၏သမီး၊ဗိုလ်ကြီးကျော်သိန်း (ငြိမ်း)၏ဇနီး၊ ဦးကျော်ရခင်–ဒေါ်ချိုမီမီသိန်းတို့၏မိခင်၊ ဦးမောင်ညွန့် (ညွှန်ကြားရေးမှူး၊ ရေနံ၊ငြိမ်း)–ဒေါ်ယဉ်မြသွယ်၊ (ဦးစောထွန်း တရားရုံးချုပ်ရှေ့နေ)–ဒေါက်တာဒေါ်ခင်လှကြည်၊ ဦးအောင်ကျော်ဦး (ပြင်သစ်ဘာသာ ဌေ့လမ်းညွှန်)–ဒေါ်မြတ်လေးမုံ တို့၏ အစ်မကြီး၊ မောင်လူမင်းမြတ်၏ အဘောင်ရှင်သည် ၂၅–၄–၂၀၀၄ ရက် နံနက်၂း၀၅နာရီတွင် ရွှေဂုံတိုင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ ရက် (အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်စိန်လှိုင်
အသက်(၆၃)နှစ်

တီးတိန်မြို့၊ မြို့မရပ်နေ [ဦးဝုန်ခင်းထန်(ခ) ငွေမိုး]၏ ဇနီး၊ ဒေါ်စိန်လှိုင်၊ (ဒေါ်စိန်ပုံး)–ဦးစာအေး၊ ဒေါ်နန်းစိန်–ဦးလှသောင်းတို့၏ ညီ/အစ်မ၊ လျာပိုင်ဇင့်ကျိန်(L.L.M)၊ လျာကျင်းဖွမ်းဝုန်(ခ)မမိငယ်(B.A,Geog,B.A.B.S)၊ ဦးပေါင်းခင်းခိုင် (မြန်မာ့ စီး/ဘဏ်၊ တီးတိန်)–ဒေါ်ကျိန်လမ်းညံန်၊တာန်ထန်ကျင့်မန် (သစ်တောရေးရာ ဘောလုံးလက်ရွေးစင်) တို့၏မိခင်၊ လျာလှိုင်ရှန်းလွန်း(အမက–၅၊ ကမာရွတ်)၊ လျာကျင်းဟောက်နွမ်း၊ တာန်ထန်ကိမ်းကျန် (အမက–၁၊မြို့မ)၊တာန်ထန်ရှင်း တွေစန်တို့၏အဘွားသည် ၂၄–၄–၂၀၀၄ရက် မွန်းလွဲ၁၃း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၆–၄–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၁၅း၀၀ နာရီတွင် ဦးနော အောက်မေ့ဖွယ်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သင်္ချိုင်းသို့ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ၇ ရပ်ကွက်၊ တိုက် ၂၀၊ အခန်း ၅၈ နေအိမ်မှကားများ မွန်းလွဲ၁၄း၀၀နာရီတွင် ဘုရားကျောင်းသို့ ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းလှိုင်(ခ) ကိုညီညီ
အသက်(၄၆)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊အမှတ် (၁၁)ရပ်ကွက်၊ စံပယ်ခြံ ၂လမ်း၊ အမှတ် ၃၃/ခ နေ ဗိုလ်ကြီးကျော်မြ(ငြိမ်း)–ဒေါ်ခင်ဖွားစိန်တို့၏ သား၊ ဦးကျော်သာအောင်–ဒေါ်ကြူကြူခိုင်တို့၏ ညီ၊ ဦးဘသာ (ဆသရ–ငွေစာရင်း)–ဒေါ်ကြည်ကြည်ခိုင် (သရုပ်ပြ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဦးကျော်မင်းအောင်၊ ဗိုလ်ကြီး ကျော်ကျော်အောင် (တပ်မတော်–ရေ)၊ ဦးမျိုးထွန်းအောင် (3/E MV. Wood Yan)၊ ဒေါ်ခိုင်ခိုင်မြ (အလက–၂၊ကမာရွတ်)–ဦးညွန့်လှိုင်၊ ဦးကျော်ထွေးအောင်–ဒေါ်သီတာကြည် တို့၏ အစ်ကို၊ တူတူမ ခုနစ်ယောက်တို့၏ဦးလေးသည် ၂၅–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြစိုး
(အငြိမ်းစား၊ ရဲအရာရှိ)
အသက်(၇၄)နှစ်

အမှတ် ၆၈၊ ဟံသာဝတီ ၂၂ လမ်း၊ (၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးရှန်–ဒေါ်သိန်းတင်)တို့၏ သား၊ ဒေါ်ရွှေဝ၏ ခင်ပွန်း၊ ဦးလှငွေး–ဒေါ်သိဂီဝင်း၊ ဦးဘုန်းဝင်း–ဒေါ်ပြုံးရီ တို့၏ဖခင်၊ မဇာခြည်သော်၊ မောင်ကျော်ဇေယျ၊ မခင်ဇာဝင်းပြည့်တို့၏ အဘိုး၊ [ဦးဘိုးဟိုက် အတွင်းဝန်(ငြိမ်း)–ဒေါ်စောတင်]၊ ဒေါက်တာဦးကြည်ပေါ–(ဒေါ်ခင်ဆွေတင့်)တို့၏ညီ၊ ဒေါက်တာ ဦးကြည်ဝင်း–ဒေါက်တာ ဒေါ်ခင်သန်းရီတို့၏ အစ်ကို ဦးဝိန်မောင်–ဒေါ်ခင်ကြည်ဝင်း၊ ဒေါ်ခင်အုံးဝင်း၊ဒေါ်ခင်အေးဝင်း၊ဒေါက်တာ ဦးမျိုးညွန့်၊ ဒေါက်တာဦးမျိုးလွင် တို့၏ ဦးလေး၊ ဦးဉာဏ်မော်–ဒေါ်ညိုညိုဆင့်၊ ဒေါက်တာဒေါ်လှမြတ်မွန်၊ ဒေါက်တာ ဦးကျော်ခိုင်ဆွေ–ဒေါက်တာ ဒေါ်မြတ်ရည်မွန်တို့၏ဘကြီးသည် ၂၅–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်စိန်နု
အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ် ၁၈နေ (ဦးလှသော်–ဒေါ်ငွေညွန့်)တို့၏သမီး၊ဦးစိန်ဝင်း(ဆလရ၊အဆောက်အအုံအထူး–၂)– ဒေါ်စန်းမြ၊ ဦးတင်ဝင်း–ဒေါ်သန်းစိန်၊ ဦးသန်းအောင် (သစ်လုံးအရောင်း–၃၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်သန်းသန်းအေး၊ ဒေါ်ရင်ငွေ (အထက–၅၊ကြည့်မြင်တိုင်)၊ ဦးဟန်မြင့် (မြို့တော်စည်ပင်၊အင်/ယာဌာန၊ လမ်း/တံတား)တို့၏မိခင်၊ မမာလာ၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၄–၄–၂၀၀၄ ရက်(စနေနေ့)ည၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှမြ
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာန)
ပစ္စည်းထိန်း(၄)၊အနောက်ပိုင်းခရိုင်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ်၂၄၃(တတိယ)၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်နေ(ဦးမြမောင်–ဒေါ်လှကြည်)၊ (ဦးသောင်းမြင့်–ဒေါ်ခင်လေး) တို့၏ သမီး၊ (ဦးဆောင်ဆန်း၊ ဦးစီးမှူး)၏ဇနီး၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးစိုးညွန့်(လင်းနို့ဆီ)–ဒေါ်ခင်ညို၊ ဦးတင်အောင်–ဒေါ်ခင်လှသွင်တို့၏ ညီမ၊ ဦးအောင်ကျော်မြ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)–ဒေါ်မြင့်မြင့်ငွေး၊ (ဦးထွန်းရှိန်–ဒေါ်ခင်စန်းမြ)၊ ဦးစိန်မော်–ဒေါ်တင်တင်အုန်း၊ ဒေါ်ခင်မာစူး (အထက–၂၊လမ်းမတော်) တို့၏ အစ်မ၊ မနီလာအောင်(အာရှဓနဘဏ်)၊ မောင်နေလင်းဦး (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)–မမာလာထွန်း(အာရှဓနဘဏ်)၊ မဇာဇာသိမ့် (ဆေးဘက်ပညာသည်တက္ကသိုလ်၊မန္တလေး) တို့၏အဒေါ်သည်၂၄–၄–၂၀၀၄ရက် (စနေနေ့)နံနက်၄း၂၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မြင့်
[အောင်သူရ T.V (Flyback) ပြုပြင်ရေး]
အသက်(၅၀)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၁) ရပ်ကွက်၊ အမှတ်၄၂၂၊ ဓမ္မာရုံလမ်းနေ (ဦးသိန်းမောင်)–ဒေါ်တင်ကြည်တို့၏ သား၊ ညောင်တုန်းမြို့နယ်၊ မယ်ဇလီကျေးရွာနေ ဦးမောင်ပို–(ဒေါ်ခင်အေး) တို့၏ သားသမက်၊ (ဦးတင်ငွေး)–ဒေါ်နုရွှေတို့၏ မောင်၊ ဦးသန်းဦး–ဒေါ်ငွေးငွေး၊ ဦးဗိုလ်ဆန်း–ဒေါ်အေးအေး၊ဦးအောင်သိန်း–ဒေါ်ချိုချို၊ ဦးအောင်သိန်းထွန်း(ခ) ဦးသိန်းလွန်း–ဒေါ်နီနီဝင်းတို့၏အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်စန်း၏ ခင်ပွန်း၊ မခင်မျိုးမျိုးမြင့်၊ မောင်အောင်သူ၊ မမေသူမြင့်တို့၏ ဖခင်သည် ၂၄–၄–၂၀၀၄ရက်(စနေနေ့)ညနေ ၄း၄၅ နာရီတွင်ကွယ်လွန်ပါ၍ ၂၆–၄–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှကျော် (ဆင်ဖြူကျွန်း)
သက်ကြီးကန်တော့ခံ
စာပေပညာရှင်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန
ပညာတန်ဆောင်အုပ်ချုပ်ရေးမှူး(ငြိမ်း)
မင်းဘူးအသင်း(နာယက)
အသက်(၉၀)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ခွန်နီလမ်းသွယ်(၂)၊ အမှတ် ၉၃ နေ (ဒေါ်ဖွားသိုက်)၏ခင်ပွန်း၊ (ဗိုလ်နေဝင်း)၊ ဒေါ်စန်းစန်းဝင်း(ရသုံးဦးစီး)၊ (ဦးအောင်ဝင်း)–ဒေါ်နုနုသိန်း၊ ဦးရဲဝင်း(စစစ)–ဒေါ်တင်တင်ကျော်၊ ဦးကျော်ဝင်း(အကျဉ်းဦးစီး)–ဒေါ်ဆန်းဆန်းမြင့်၊ ဒေါ်စုစုဝင်း(ရှေ့နေချုပ်ရုံး)တို့၏ဖခင်ကြီး၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃–၄–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသန်းထွန်း(ငြိမ်း)
ညွှန်ကြားရေးမှူး(ငြိမ်း)၊ဗဟိုဘဏ်
ချောင်းဦးမြို့နယ်
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း(၂)ရပ်ကွက်၊ တိုက် ၂၆၇၊ အခန်း ၁၂ နေ (ဦးဘအုန်း–ဒေါ်ငွေး) တို့၏သား၊ (ဦးသန်းမောင်–ဒေါ်တင်တင်ညို)တို့၏သားသမက်၊ ဦးသောင်းညွန့် (ကျောင်းဆရာ၊ ငြိမ်း)–ဒေါ်စောကြိုင်၊ ဦးသန်းနိုင်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်း၊ မန္တလေး၊ငြိမ်း)–ဒေါ်ဝင်းမြတို့၏ညီ၊ ဒေါ်ခင်ခင်သန်း၏ ခင်ပွန်း၊ ကိုနေဝင်းမောင်(East Wind)–မကလျာမြင့်၊ဒေါက်တာ ခင်နေနွယ်ထွန်း (YMC)၊ ဒေါက်တာ မင်းနွယ်ထွန်း (AMI)–မသူဇာထွန်း (UCSY)၊ အောင်ကျော်မင်း(B.E,Civil)၊ ကျော်သန်းထွန်း(B.Tech,EP)၊ ဗိုလ်လောင်းတိုးသန်းထွန်း (DSMA)တို့၏ဖခင်၊ မလင်းလင်းလက်၊ မောင်ချမ်းသာတို့၏ အဘိုးသည်၂၅–၄–၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၃း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်ဝိုင်း
အသက်(၆၅)နှစ်

(ဦးလိုင်ကျင်ဖန်–ဒေါ်ကျင်မြိုင်)တို့၏ သမီးထွေး၊ (ဦးကျုံယုလင်)–ဒေါ်ဝမ်ရှန်ကျင်တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် ၂၂၊ ရွာမကျောင်းလမ်းနေ ဦးကျော်ဝင်း(ကျော်ညွန့်နှင့်ညီများ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ဇနီး၊ ဦးခင်ထွန်း–ဒေါ်ဘေဘီ၊ ဦးထွန်းမြင့်–ဒေါ်ချွေးလေးတို့၏ ညီမ၊ ဦးထွန်းခင်–ဒေါ်ကြည်ဝင်း၊ ဦးသောင်း–ဒေါ်ထွေးကြည်၊ ဦးကောက်–ဒေါ်မော်မော်တို့၏အစ်မ၊ဦးလှဝင်း(ဆရာသွယ်)–ဒေါ်သင်းသင်းလဲ့၊ ဦးကိုကိုနိုင်–ဒေါ်နီနီဝင်းတို့၏မိခင်၊ မချောသန္တာ၊ မသွယ်မှူးခင်၊ မသွယ်ဖူးဇင်၊မသွယ်ချူးဇင်တို့၏ အဘွားသည် ၂၂–၄–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအုန်းဆိုင်(ခ)ကိုဟိန်းထက်ဇော်
(တတိယနှစ်၊ သမိုင်း)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၁၄၊ ဗိုလ်ဆွန်ပက်လမ်းနေ (ဦးမြအုန်း–ဒေါ်လှကြည်) ဦးမြအုန်း စာအုပ်ဆိုင်ပိုင်ရှင်တို့၏ သားထွေး၊ ရန်ကုန်မြို့၊ အမှတ် ၂၅၁၊ ၃၉လမ်းအထက်၊ ခြောက်လွှာနေ မတင်တင်အုန်း၊ (ဦးအုန်းခိုင်)၊ မသန်းသန်းအုန်း (သဋ္ဌာဇော်စတိုး၊ ဗိုလ်ချုပ်ဈေး)၊ ကိုအောင်စိုးမြင့်၊ ကိုအောင်ကျော်ခိုင်တို့၏ညီ/မောင်/ အစ်ကိုသည် ၂၅–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းအထူးကုဌာနတွင် ကွယ်လွန်သွားပါသဖြင့်၂၇–၄–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ချင်းပြည်နယ်၊ဟားခါးမြို့၊ခွာရုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း
ဦးစီးပဓာနနာယက
ချင်းပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သိရိန္ဒ
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

ချင်းပြည်နယ်၊ ဟားခါးမြို့၊ ခွာရုံထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၏ ဦးစီးပဓာနနာယက ချင်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသိရိန္ဒသည် ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၂ရက်(၂၀–၄–၂၀၀၄ရက်) အင်္ဂါနေ့ နံနက် ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ကို ကဆုန်လဆန်း ၁၁ ရက် (၂၉–၄–၂၀၀၄ရက်) ကြာသပတေးနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ တပည့်သံဃာများ၊ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဇာဂရ
သက်တော်(၆၅)နှစ်၊ သိက္ခာတော်(၄၅)ဝါ

ရန်ကုန်တိုင်း၊ မော်ဘီမြို့နယ်၊ အမှတ်(၄)ရပ်ကွက် သီရိမင်္ဂလာတိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ ရက်(၁၉–၄–၂၀၀၄ရက်)တနင်္လာနေ့ နံနက် ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (၁–၅–၂၀၀၄ရက်) စနေနေ့ မွန်းလွဲ ၂ နာရီတွင် သီရိမင်္ဂလာကျောင်း၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမ။

ရဟန်းဒါယိကာမကြီး
ဒေါ်နှင်းရွှေ (ပြည်)
အသက်(၉၇)နှစ်

မြန်အောင်မြို့(ဦးလူစံ–ဒေါ်ရွှေဥ) တို့၏သမီး၊ (ဦးမောင်လှ)၏ ဇနီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မင်းကျောင်း စာသင်တိုက်နှင့်ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ၊ ၂ ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ မူလဓမ္မရက္ခိတ၊ စာသင်တိုက်တို့၏ပဓာန နာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ ဆရာတော်ကြီး၏မယ်တော်၊ ပြည်မြို့(ဦးမောင်ရီ)–ဒေါ်ကြည်သွင်၊ မြန်အောင်မြို့ မသန်းနွဲ့တို့၏မိခင်၊မြေး၁၀ယောက်၊ မြစ်၁၅ ယောက်တို့၏အဘွားသည် ၂၄–၄–၂၀၀၄ ရက်(သောကြာနေ့) ညနေ ၆း၁၀ နာရီတွင် ပြည်မြို့ဖက်တန်းရပ်ကွက်၊ ရွှေပိန္နဲ ဘုရားလမ်း၊ အမှတ် ၂၇ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၀၄ ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ပြည်မြို့ကန်တော်ဦးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်းဒါယကာကြီး
ဦးကျော်အေး(ခ) ဦးကျော်သန်း(ဓနုဖြူ)
ကောင်းကမ္ဘာထမင်းဆိုင်
(ကော့သောင်းမြို့)
အသက်(၇၆)နှစ်

ဓနုဖြူမြို့နေ (ဦးအောင်ထွန်း–ဒေါ်ဖွားမှန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးပြေမောင်–ဒေါ်သန်းကျင်)တို့၏သားသမက်၊ ဒေါ်ခင်မြ၏ ခင်ပွန်း၊ မနိုးနိုးကျော်–မောင်ရဲလွင်ဦး၊ မလစ်ပို၊ မောင်ဇေဖြိုးဦး၊ မလီဒါ၊ မဆုမွန်၊ မောင်ဇေမိုးသူ၊ မောင်ထက်လွင်အောင်၊ မောင်ကောင်းကမ္ဘာ၊ မောင်အောင်ကျော်ကျော်တို့၏ ဘိုးဘိုးကြီးသည် ၂၄–၄–၂၀၀၄ ရက်(စနေနေ့) နံနက်ဝဝး၅၅နာရီတွင် ကော့သောင်း ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းတည့်၁၂နာရီတွင် ကော့သောင်းမြို့ ရွှေပြည်သာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမြေးများ။

ဦးစိန်ဝင်း
အသက်(၇၂)နှစ်

မုံရွာမြို့နေ(ဦးဘိုးကြည်–ဒေါ်ရှို့ဝါ) တို့၏ သား၊ မန္တလေးမြို့နေ ဦးပြေ–ဒေါ်ခင်ဝင်း၊ မုံရွာမြို့နေ(ဦးလျှောင်စိန်း)–ဒေါ်ကြင်မြိုင်၊ မန္တလေးမြို့နေ (ဦးကျောက်)–ဒေါ်ခင်တင့်တို့၏ မောင်၊ ဒေါ်ကင်အင်း၊ ဒေါ်အကြူးတို့၏အစ်ကို၊ ကိုအောင်ဇော်ခင်–မမြင့်မြင့်ဆွေ၊ ကိုမင်းလွင်– မနုနုလှိုင်၊ မတင်မာရီ၊ ကိုမျိုးဝင်း–မဝင်းဝင်းနိုင်၊ မခင်ဝင်းသစ်၊ မစမ်းစမ်း၊ ကိုမျိုးအောင်တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုး၊ ၈၆ x ၃၃ လမ်းထောင့်၊ ပဲလှော်ချောင်ရပ်နေ ဒေါ်ကျင်အေး၏ ခင်ပွန်းသည် ၂၅–၄–၂၀၀၄ ရက် (တနင်္ဂနွေနေ့)ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် အထက်ပါ နေအိမ်မှ ကြာနီကန်ဖူကျန့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးထွန်းအောင်
(ကျောက်မြောင်း၊ ရွှေဘို)
အသက်(၉၁)နှစ်

ရွှေဘိုမြို့နယ်၊ ဟံလင်းကြီးမြို့ဟောင်း (ဦးချိမ့်–ဒေါ်ကြီး)တို့၏သားထွေး၊ (ဦးလမ်း– ဒေါ်ဖော့အူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၃၃၄၊ ဆရာစံလမ်း၊ ၂/ခ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကျင်မေ၏ ခင်ပွန်း၊ ဒေါ်ခင်မြင့်၊ ဒေါ်ကြည်ကြည်လွင်၊ ဦးခင်မောင်တိုး၊ ဒေါ်ခင်စောဦး၊ ဦးစောရွှေအောင်–ဒေါ်နုနုရီ (ရွှေမိုးပြည့်စုံ ဆောက်လုပ်ရေး)၊ ဒေါ်နုနုကြည်တို့၏ ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးဖြစ်သူသည် ၂၃–၄–၂၀၀၄ရက်(သောကြာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇–၄–၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီ တွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးစိန်ညွန့်
ဆင်ကူး/လှိုင်းဘွဲ့မြို့
အသက်(၈၃)နှစ်

လှိုင်းဘွဲ့မြို့နယ်၊ ဆင်ကူးကျေးရွာနေ (ဦးမောင်မွဲ–ဒေါ်စိန်ထွေး)တို့၏ သားကြီး၊ဦးမောင်သိန်း–ဒေါ်သိန်းကြည်၊ (ဦးတင်ကြည်)–ဒေါ်မမ၊ (ဦးသက်ကယ်)–ဒေါ်သန်းမြင့်၊ ဦးအေးဖေ–ဒေါ်မသိန်း၊ ဦးချစ်ဖေ– ဒေါ်သန်းနွယ်တို့၏ အစ်ကို၊ (ဒေါ်ရှုဝေ)၏ ခင်ပွန်း၊ ဘားအံမြို့နေ(ဦးဝင်းလွင်)–ဒေါ်အေးအေးသန်း၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ ပုဇွန်တောင်ရဲရိပ်သာနေ ဒုရဲမှူးတင်လင်း–ဒေါ်မြင့်မြင့်အေး၊ ဦးစောညွန့်ဝေ– (ဒေါ်ခရစ္စတီးမူး)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၂၄–၄–၂၀၀၄ ရက်(စနေနေ့) ညနေ ၅း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဦးမြတ်ကျော်
တောအုပ်ကြီး(စစ်ဆေးရေးဌာန၊ ဦးစီးရုံးချုပ်)
သစ်တောဦးစီးဌာန
အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၃ ရပ်ကွက်၊ ရန်ပြေ ၁၁ လမ်း၊ အိမ်အမှတ် ၆/က နေ (ဦးခင်စိန်)–ဒေါ်ထွေးရင်တို့၏သား၊ (ဦးဘိုငွေး)–ဒေါ်အမာတို့၏ တူသား၊ ဦးရွှေတင်–ဒေါ်ခင်မြတို့၏ သားသမက်၊ ဦးစိုးမြင့်– ဒေါ်လှတင်တို့၏ ညီမောင်၊ (ဦးသိန်းဇော်)–ဒေါ်သန်းသန်းမြင့်၊ ဦးနေဝင်း–ဒေါ်ချို၊ ဦးသန့်ဇင်–ဒေါ်မြမြစိန်၊ မလှလှအေး၊ မောင်မြင့်ထွေး တို့၏အစ်ကို၊ မအေးအေးငွေး၏ ခင်ပွန်း၊ မစုလဲ့နှင်း၊ မခိုင်ကေသွယ်တို့၏ဖခင်သည်၂၄–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၄–၂၀၀၄ရက်မွန်းလွဲ၂း၃၀နာရီတွင်ဝေဘာဂီ ဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီး ဌာပနာတော်သွင်း ဗုဒ္ဓါဘိသေကအနေကဇာတင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူ ပူဇော်

ရှေ့ဖုံးမှ

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက် ပူဇော်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာမင်္ဂလာအခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရထံမှ ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်များထံ ဥပသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆက်ကပ်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡





ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မင်္ဂလာဒုံမြို့နယ်ရှိ မဟာသဒ္ဓမ္မရံသီ ရွှေစေတီတော်မြတ်ကြီးအား ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက လူအား၊ စက်ယန္တရားစွမ်းအားတို့ဖြင့် ပါရမီခုံးကျော်တံတား တည်ဆောက်နေသည်ကို ဧပြီ ၂၅ ရက်က တွေ့ရစဉ်။

(ရန်ကုန်မြို့တော်တွင် ယာဉ်သွားလာမှု ပိုမိုများပြားလာခြင်း၊ မြို့ပတ်နှင့် ဆင်ခြေဖုံးလော်ကယ်ရထားများ ၁၅ မိနစ် တစ်ကြိမ်သွားလာနေခြင်းတို့ကြောင့် ကားကူးဂိတ်တံခါးများ ပိတ်ထားပြီး ယာဉ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုမှ ကင်းဝေးစေရန် ခုံးကျော်တံတားများကို အဆင့်လိုက်တည်ဆောက်ပေးနေခြင်းဖြစ်သည်။)

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ယနေ့ထုတ်

စောင်ရေ

၂၀၁၀၃၅